# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဗြာဟ္မဏ**

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ကိုယ့်အားကိုယ်ကိုးစနစ်၊ နိုင်ငံတော်ဘတ်ဂျက်နှင့် မိမိတို့အစိုးရဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ယခင်သန်းခေါင်စာရင်းများကဲ့သို့ တိကျခိုင်မာပြီး အရည်အသွေးကောင်းမွန်ပြည့်စုံအောင် ဝိုင်းဝန်းဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၂၂**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့** *ဖတ် စ ရာ*

**ကျောက်မဲမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်** — ပြည်တွင်းသတင်း | စာ ၅

**ဖိလစ်ပိုင်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု** — ဆောင်းပါး | စာ ၁၀

**ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် စာသင်ကျောင်းခြောက်ကျောင်း ယာယီပိတ်ထားရ** — ပြည်တွင်းသတင်း | စာ ၁၄

မြန်မာ့အလင်း

# တန်ဖိုးနည်း အာဟာရပြည့်

သက်ရှိသတ္တဝါများ ရှင်သန်နိုင်ရေးနှင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးတို့အတွက် အာဟာရဓာတ်များလိုအပ်သည်။ နေ့စဉ်အစားအစာများစားသုံးခြင်းမှ အာဟာရဓာတ်များရရှိနိုင်ပြီး ခန္ဓာကိုယ်နှင့်ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ ခွန်အားပြည့်ဝရေး၊ ရောဂါဘယကင်းရှင်းရေး စသည်တို့အတွက် အာဟာရဓာတ်ပြည့်ပြည့်ဝဝရရှိနိုင်ရန် စားသုံးတတ်ဖို့လိုအပ်သည်။ အစားအစာများတွင်ပါဝင်သည့် အာဟာရဓာတ်များ၏ အကျိုးပြုမှုများအလိုက် အစာအုပ်စု (၃)အုပ်စုခွဲထားရာ နေ့စဉ်စားသောက်သည့်အစားအစာများ၌ အဆိုပါအစာအုပ်စု (၃)အုပ်စုမှ စုံစုံလင်လင်နှင့် မျှတစွာပါဝင်ရန်လိုအပ်ကြောင်း ကျန်းမာရေးနှင့် အစာအာဟာရဆိုင်ရာပညာရှင်များက လမ်းညွှန်ထားသည်။

အစာအုပ်စု (၃)အုပ်စုဟုဆိုရာ၌ အင်အားဖြစ်စေသော အစာအုပ်စုတွင် ကစီဓာတ်ရရှိနိုင်သည့် ဆန်၊ ဂျုံ၊ ပြောင်းကဲ့သို့သော အနံ့များ၊ အာလူး၊ ကန်စွန်းဥ၊ ပိန်းဥတို့ကဲ့သို့သော သစ်ဥသစ်ဖုများ၊ ပျားရည်၊ သကြားကဲ့သို့သော အချိုစာများ၊ အဆီဓာတ်ရရှိနိုင်သည့် သီးနှံဆီနှင့် တိရစ္ဆာန်အဆီများပါဝင်ပြီး ခန္ဓာကိုယ်ကြီးထွားစေသောအစာအုပ်စုတွင် အသားဓာတ်ရရှိနိုင်သည့် သား၊ ငါး၊ နို့၊ ပဲအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသည်တို့ပါဝင်သည်။ ရောဂါကာကွယ်စေသော အစာအုပ်စုတွင် ဗီတာမင်ဓာတ်နှင့်သတ္တုဓာတ်ရရှိနိုင်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ ရေဓာတ်ရရှိနိုင်သည့် အရည်အမျိုးမျိုးနှင့် အရည်ရွှမ်းသည့်အစာများ ပါဝင်သည်။ အာဟာရပြည့်ဝအောင် စားသုံးရာတွင် နေ့စဉ် အထက်တွင် ဖော်ပြခဲ့သည့် အစာအုပ်စု (၃)စုလုံးပါအောင် စီမံချက်ပြုတ်စားသောက်တတ်ကြရန်၊ အိုင်အိုဒင်းဆားကို သုံးစွဲရန်နှင့် ရေကိုလုံလောက်စွာ သောက်သုံးရန် လိုအပ်သည်။

အာဟာရချို့တဲ့မှုသည် ဆင်းရဲနွမ်းပါးမှု၊ ဝင်ငွေနည်းပါးမှု၊ စားနပ်ရိက္ခာပြတ်တောက်မှုတို့နှင့် ဆက်စပ်နေသော်လည်း တစ်ခါတစ်ရံတွင် စားသောက်မှုပုံစံမမှန်ခြင်းကြောင့် အာဟာရချို့တဲ့မှုဖြစ်ပေါ်ရခြင်းကိုလည်း တွေ့ရှိရသည်ဟုဆိုသည်။ မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်လျက်ရှိကြရာ ကျန်းမာရေးနှင့်အစာအာဟာရဆိုင်ရာ ဗဟုသုတများနှင့်အလှမ်းဝေးမှု၊ ဝင်ငွေအခွင့်အလမ်းနည်းပါးမှုကဲ့သို့သော အားနည်းချက်များရှိသော်လည်း စိုက်ပျိုး၊ မွေးမြူနိုင်သည့် ရေ၊ မြေ အရင်းအမြစ်များ လွယ်ကူခြင်း၊ သဘာဝအတိုင်း ရှာဖွေရရှိနိုင်ခြင်း စသည့် အားသာချက်များလည်းရှိကြသည်။ နေ့စဉ်အစာအာဟာရအတွက်လိုအပ်သည့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ဥအမျိုးမျိုး၊ ပဲအမျိုးမျိုးတို့ကို ကိုယ်တိုင်မွေးမြူစိုက်ပျိုးထုတ်လုပ်နိုင်သည့်အခြေအနေများ မိမိတွင်ရှိနေပါက ဇီဝရိယစိုက်ထုတ်လုပ်ကိုင်သွားကြရန်လိုအပ်ပြီး စရိတ်ကုန်ကျမှုသက်သာစွာဖြင့် အာဟာရဓာတ်ပြည့်ဝစွာရရှိနိုင်သည့် အစားအစာများကို စားသုံးတတ်ရန်လည်း လိုအပ်သည်။

နေ့စဉ်ထမင်းစားကြရာတွင် အရိုးပါစားနိုင်သော ငါးကလေးများကို ဟင်းသီးဟင်းရွက်များနှင့်ပါ တွဲဖက်စားသုံးခြင်းဖြင့် ညီညွတ်မျှတသည့်အာဟာရဓာတ်များကိုရရှိနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်သည့် ငါးသလဲထိုး၊ ငါးဘဲဖြူ၊ ငါးစင်စပ်၊ ငါးခုံးမ၊ ငါးဒေါင်စင်းကဲ့သို့သော တိုင်းရင်းငါးကလေးများတွင် ဗီတာမင်အေ၊ သံဓာတ်၊ ထုံးဓာတ်၊ ဗီတာမင်ဘီ ၁၂ တို့ကြွယ်ဝစွာပါဝင်ပြီး မိခင်ကိုယ်ဝန်ဆောင်ချိန်မှစ၍ ကလေးအသက်နှစ်နှစ်အထိ ရက်ပေါင်း ၁၀၀၀ အတွင်း ငါးကလေးများကို ပုံမှန်စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်ကြောင်း သိရသည်။ အဆိုပါငါးကလေးများမှာ တန်ဖိုးနည်းနည်းနှင့် အလွယ်တကူဝယ်ယူပြီး အလွယ်တကူ ချက်ပြုတ်စားသောက်နိုင်သလောက် ကျန်းမာရေးအတွက် လွန်စွာအကျိုးရှိစေကြောင်း ပညာပေးထားသည်ကို တွေ့ရသည်။ အသားဓာတ်ရရှိနိုင်သော အာဟာရအရင်းအမြစ်တစ်ခုမှာ ကုလားပဲ၊ ပဲစင်းငုံ၊ စားတော်ပဲ၊ မတ်ပဲ၊ ပဲပုပ် စသည့် ပဲအမျိုးမျိုးဖြစ်ပြီး အသားစားသည့်နည်းတူ ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုတွင်ပါဝင်ရာ အသားနှင့်နှိုင်းယှဉ်ပါက ငွေကြေးကုန်ကျမှုသက်စွာဖြင့် စားသုံးနိုင်သည်။

နေ့စဉ်အစားအစာ စားသုံးကြရာတွင် ဝင်ငွေနည်းမိသားစုများအဖို့ တန်ဖိုးနည်းနည်းနှင့်အာဟာရများများရရှိနိုင်စေရန် စားသုံးတတ်ကြစေလိုသည်။ ကျေးလက်တွင်နေထိုင်ကြသူ မိသားစုများအနေဖြင့်လည်း တတ်နိုင်သမျှ တစ်နိုင်တစ်ပိုင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်စားသုံးခြင်း၊ ပိုလျှံသည်တို့ကို မျှဝေရောင်းချခြင်းဖြင့် အာဟာရပြည့်ဝသော ကျန်းမာရေးနှင့်ပြည့်စုံသော လူနေမှုဘဝကို ရရှိပိုင်ဆိုင်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ထွန်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်


နေပြည်တော် ဩဂုတ် ၂၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်တင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာသယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေး တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး (International Transport Summit 2023) သို့ တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းက ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒေါက်တာသက်ခိုင်ထွန်း (အင်ဂျင်နီယာ) ဒုတိယညွှန်ကြားရေးမှူး နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ ဦးချစ်ကိုကို ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီတို့ လိုက်ပါသွားကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ မော်စကိုအစိုးရပို့ဆောင်ရေးနှင့် လမ်းပန်းဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုဌာနနှင့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး မျက်မှောက်ခေတ်နိုင်ငံများ၏ မြို့တော်များတွင် လက်ရှိကြုံတွေ့နေရသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြဿနာများအတွက် ဆွေးနွေးနိုင်မည့် အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူများ တွေ့ဆုံရာ စင်္ကြံတစ်ရပ် ဖြစ်ပေါ်လာစေရေးနှင့်ပို့ဆောင်ရေးဆိုင်ရာကဏ္ဍတွင် မြို့တော်များအကြား ဆက်ဆံရေး ပိုမိုအားကောင်းလာစေပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှုများဆုံးဖြတ်ရေးကိုရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

## ပုလောမြို့ အ.ထ.က(၁)၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်ပေး

ပုလော ဩဂုတ် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပုလောမြို့နယ်ဦးစီးမှူးရုံးက ပန်းခင်း (၂) စီမံချက်ဖြင့် အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက ပုလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။



ပန်းခင်းစီမံချက်(၂) ဖြင့် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ နိုင်ငံသားဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးအတွက် ပြည်သူလူထုအားလုံး၏ လက်ဝယ်၌ ဥပဒေအရ ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးကို ကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်(၂) ဖြင့် ကွင်းဆင်း၍ ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပုလောမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇာကျော်က ပြောကြားသည်။

အဆိုပါ ပုလောမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၁၀၀ အား နေ့ချင်းပြီး ဆောင်ရွက်ပေးပြီး လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးအေးမော် (ပုလော)

## ပခုက္ကူ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

ပခုက္ကူ ဩဂုတ် ၂၂

ပညာရေးဝန်ကြီးဌာန ဆရာအတတ်သင်ပညာဦးစီးဌာန ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက်က အဆိုပါကောလိပ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူလူထု၏ တုံ့ပြန်ချက်များအပေါ် ဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးမျိုးမြင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေး ကိစ္စရပ်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး အမှတ်(၂)လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စိတ်(ပခုက္ကူ)မှ ဒုတိယရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး နည်းလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဘာမီသာ(ပခုက္ကူ)

# “ သန်းခေါင်စာရင်းသည် အားလုံးနှင့်သက်ဆိုင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာအပါအဝင် သန်းခေါင်စာရင်းလုပ်ငန်းကို အထောက်အပံ့ဖြစ်စေမည့်ရင်းမြစ်များကို အကျိုးရှိရှိမျှဝေသုံးစွဲ ”

❑ *ရွှေဖုံးမှ*

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် သန်းခေါင်စာရင်းအကြောင်း၊ သန်းခေါင်စာရင်း၏ ဝိသေသလက္ခဏာများ၊ မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ၏ သမိုင်းကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ ၂၀၂၄ ခုနှစ်တွင် ထပ်မံကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လက်ရှိဆောင်ရွက်နေသည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက် ၁၉ ချက် ချမှတ်ကာ On Going ဆောင်ရွက်ဆဲ ၅ ချက်ရှိပြီး ၁၄ ချက်မှာ ဆောင်ရွက်ပြီးဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းတစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၅/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

> ❖ **မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း မဖြစ်မနေကောက်ယူရမည်၊ အထူးသဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံးအဆင့်အထိ ရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူသွားရမည်**

**အလေးထားလုပ်ဆောင်သွားကြရမည်**

မိမိတို့ ကော်မရှင်အနေဖြင့် အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ဦးဆောင်မှုပေးနိုင်ရေး၊ တာဝန်ရှိသည့် အဖွဲ့အစည်းက တင်ပြလာသည့် အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို အတည်ပြုနိုင်ရေး၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ သန်းခေါင်စာရင်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းနိုင်ရေးနှင့် သန်းခေါင်စာရင်းအောင်မြင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်သစ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များကို သန်းခေါင်စာရင်း အကြောင်းနှင့်ပတ်သက်၍ အကျဉ်းချုပ် ဦးစွာ ပြောကြားလိုကြောင်း။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်း အတွေ့အကြုံများအရ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ကုန်ကျစရိတ်ကြီးမားခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် ၁၀ နှစ်တွင် တစ်ကြိမ်သာ လူဦးရေသန်းခေါင်စာရင်းများကို ကောက်ယူလေ့ရှိကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း မဖြစ်မနေကောက်ယူရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံးအဆင့်အထိ ရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူသွားရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး အောင်မြင်စွာကောက်ယူနိုင်ရန်နှင့်စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရန် စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် မြို့နယ် ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ တွင် ပဏာမဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်**

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်နေသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များက မိမိတို့ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြလာသော သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် အဆုံးအဖြတ်ပေးရမည့်ကိစ္စရပ်များအပေါ် အချိန်နှင့်တစ်ပြေးညီ လမ်းညွှန်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများတွင် ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ်၊ မတ် ၃၁ ရက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်နေသည့် သန်းခေါင်စာရင်းယူနစ်များ ဖွဲ့စည်းခြင်းလုပ်ငန်းနှင့် မကြာမီ ဆောင်ရွက်မည့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများတွင် သတ်မှတ်အချိန်ဇယားအတိုင်း အောင်မြင်စွာ ဆောင်ရွက်ပြီးစီးနိုင်ရေး တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကွပ်ကဲသွားရန် မှာကြားလိုကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့သည့် အတွေ့အကြုံများစွာရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါတွင်လည်း ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်အချိန်ဇယားအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယခင်သန်းခေါင်စာရင်းများ ကောက်ယူခဲ့စဉ်က နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့များကို ရယူဆောင်ရွက်ခဲ့သော်လည်း ယခုဆောင်ရွက်မည့် ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူမှုကို နိုင်ငံအတွင်းတွင်ရှိသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ စွမ်းအား၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့်ပင် အဓိက ဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်သည့် ဘဏ္ဍာငွေများကိုလည်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သန်းခေါင်စာရင်း ကောက်ယူသည့်အခါတွင်လည်း အချက်အလက်များမှန်ကန်ပြီး အရည်အသွေးကောင်းမွန်စေရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီဖြစ်စေရန်၊ နိုင်ငံ့အတွက်လိုအပ်သည့် ညွှန်ကိန်းများ၊ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ဖြည့်ဆည်းရရှိရန် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းသည် အားလုံးနှင့် သက်ဆိုင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာအပါအဝင် သန်းခေါင်စာရင်းလုပ်ငန်းကို အထောက်အပံ့ဖြစ်စေမည့်ရင်းမြစ်များကို အကျိုးရှိရှိ မျှဝေသုံးစွဲကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အချိန်၊ ငွေကြေးနှင့် လူအင်အားအပါအဝင် အရင်းအမြစ်ပေါင်းများစွာကို ရင်းနှီးစိုက်ထုတ်ထားရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်အတွက် အသုံးဝင်သည့် အချက်အလက်များဖြစ်သည့်အတွက် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်တစ်ခုလုံး ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် လုံခြုံရေးပိုင်းဆိုင်ရာကအစ အခြားမမျှော်မှန်းနိုင်သည့် အခက်အခဲများလည်း ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပြီး အောင်မြင်အောင် ဖြေရှင်းဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

**တွင်တွင်ကျယ်ကျယ် အသုံးပြုရမည်**

သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံအတွင်း နေထိုင်သည့် လူအားလုံးနှင့်သက်ဆိုင်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်း၏ အကျိုးရလဒ်များသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ မှန်မှန်ကန်ကန်ဖြေဆိုမှသာ အချက်အလက်များ၏ အရည်အသွေးကောင်းမွန်မည်ဖြစ်သည်ကို အများပြည်သူ သိရှိနားလည်ရန် မီဒီယာကဏ္ဍသည်လည်း အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းအကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးရေးနှင့် လှုံ့ဆော်ရေး သီချင်းများ၊ ဆောင်းပါးများ၊ ဗီဒီယို Clip များ ထုတ်လွှင့်ပြသနိုင်ရေးကို သတင်းဌာနများအပြင် Social Media များကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုရမည်ဖြစ်ကြောင်း။

**သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်**

၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ကိုယ့်အားကိုယ်ကိုးစနစ်၊ နိုင်ငံတော်ဘတ်ဂျက်နှင့် မိမိတို့အစိုးရဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ယခင်သန်းခေါင်စာရင်းများကဲ့သို့ တိကျခိုင်မာပြီး အရည်အသွေးကောင်းမွန်ပြည့်စုံအောင် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် မိမိတို့နိုင်ငံ၏ စိန်ခေါ်မှုများကြားက အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပင်မစမ်းသပ်သန်းခေါင်စာရင်း မကောက်ယူမီ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်နေမှု၊ သန်းခေါင်းစာရင်း ကောက်ယူခြင်းအတွက် သင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု၊ သန်းခေါင်စာရင်းအကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်နေမှု၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူးများနှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးအကြံပြုတင်ပြကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကဏ္ဍတွင် IOM မှ မြန်မာပြည်သူများအတွက် အကူအညီပေးအပ်မှုများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် IOM ဘက်မှ စီမံကိန်းမန်နေဂျာ Mr. Euan McDougall တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**



# အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရာတွင် အမှန်တကယ်အကျိုးရှိ ထိရောက်အောင် စီမံဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မှာကြား

**နေပြည်တော် ဩဂုတ် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး မွမ်းမံသင်တန်း တက်ရောက်နေသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းသင်တန်းသား/သင်တန်းသူအား သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးခဲ့သော ဘာသာရပ်များအပေါ် ခြုံငုံသုံးသပ်၍ မိမိတို့ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချနိုင်ရေး ဆောင်ရွက်သွားရန်၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရာတွင် အမှန်တကယ်အကျိုးရှိ ထိရောက်အောင် စီမံဆောင်ရွက်သွားကြရန်၊ သင်တန်းဆင်း ကျေးရွာသူ ကျေးရွာသားများကို လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်သွားကြရန်၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်လုပ်ထုံးလုပ်နည်း၊ လက်စွဲစာစောင်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြင်ပထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် **“ဝန်ထမ်းသက်သာ ကုန်မျိုးစုံအရောင်းဆိုင်”** ဖွင့်လှစ်ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။



**ကျွမ်းကျင်စွာတတ်မြောက်စေရန် ရည်ရွယ်**

အဆိုပါသင်တန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျရှိစေရေး၊ စီမံကိန်းတွင် ပြောင်းလဲအသုံးပြုနေသော ဒစ်ဂျစ်တယ်နည်းပညာများဖြစ်သည့် Mobile Financial Payment စနစ် အသုံးပြုဆောင်ရွက်နိုင်ရေးနှင့် MIS စနစ် လက်တွေ့အသုံးပြုမှုများကို ကျွမ်းကျင်စွာတတ်မြောက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၌ ကျေးလက်လမ်းများဆိုင်ရာ GIS Dashboard ဆောင်ရွက်ထားရှိမှုများတင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေသော ဝန်ထမ်းများအား သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက GIS နည်းပညာဖြင့် လမ်းကွန်ရက်ချိတ်ဆက်မှုပြ မြေပုံများရေးဆွဲဆောင်ရွက်နေမှုနှင့် ကျေးလက်လမ်းများဆိုင်ရာ GIS Dashboard စမ်းသပ်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက GIS နည်းပညာ ဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း စီမံခန့်ခွဲပေးရမည့်ကိစ္စများအပေါ် လျင်လျင်မြန်မြန် ဆုံးဖြတ်ချက်ပေးနိုင်ခြင်း၊ လမ်းရေရှည်ကောင်းမွန်ရေး သုတေသနလုပ်ငန်းများအတွက် အရေးပါခြင်းနှင့် လမ်းကွန်ရက် ချိတ်ဆက်မှုများ ဆောင်ရွက်ရာ၌ များစွာပံ့ပိုးပေးနိုင်ခြင်းတို့ကြောင့် GIS နည်းပညာကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝန်ထမ်းသက်သာဆိုင် ဖွင့်လှစ်ရောင်းချနိုင်ရေး မြေနေရာစီစဉ်ထားရှိမှု၊ ဦးစီးဌာနများ စားရိပ်သာ၌ ဝန်ထမ်းများအတွက် နေ့လယ်စာ ချက်ပြုတ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**မိုးစပါး စိုက်ပျိုးထားရှိမှုကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ရေစစ်ကန် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်၊ ရေစက်ရုံ၊ ခြံစည်းရိုးကာရံခြင်းနှင့် ရေပိုက်လိုင်း ပေ ၃၂၂၀ သွယ်တန်းခြင်းလုပ်ငန်းများနှင့် ကျေးရွာတောင်သူ ဦးအောင်ခိုင်၏ လယ်မြေများတွင် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် GW11 မိုးစပါး စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဩဂုတ် ၂၂**

ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၃၀ လက်မ၊ ဇန်းမော်မြို့တွင် ၃ ဒသမ ၂၈ လက်မ၊ ဘားအံမြို့နှင့် သထုံမြို့တွင် ၃ ဒသမ ၁၁ လက်မစီ၊ မော်လိုက်မြို့၊ ကန့်ဘလူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ဒသမ ၉၁ လက်မစီ၊ ဘုရားသုံးဆူမြို့တွင် ၂ ဒသမ ၇၀ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၃၆ လက်မနှင့် ဟုမ္မလင်းမြို့၊ ကလေးမြို့၊ တကောင်းမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၂ ဒသမ ၂၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**စစ်တွေ ဩဂုတ် ၂၂**

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)တို့ ပူးပေါင်းပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ) ကျောင်းအုပ်ကြီး ဦးကျော်သန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက လူငယ်နှင့် စာပေဖတ်ရှုခြင်း တန်ဖိုးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ကျောင်းသားကျောင်းသူများက မဟတ္တမဂန္ဓီ အတ္တုပ္ပတ္တိ၊ မာတင်လူသာ ကင်းဂျူနီယာအတ္ထုပ္ပတ္တိ၊ တိုက်စစ်နှင့် ဘဝတိုးတက်အောင်မြင်ရေး၊ မောင်ချမ်းလဝင်းက စကားပြောတတ်မှ လောကနှင့် အဆင်ပြေ



ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များအား မေးမြန်းကြသည်။

ထို့နောက် စာအုပ်၊ စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြင့်စိုးဦး(ပြန်/ဆက်)**

# သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၂**

သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အပြီးသတ်ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား အပြီးသတ် စိစစ်လေ့လာ ဆွေးနွေးကြပြီး လတ်တလောပြဋ္ဌာန်းရန် သင့်၊ မသင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရာတွင် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်ချက်များကို ဖြည့်စွက်ရန် လိုအပ်ကြောင်း တွေ့ရသဖြင့် ပြင်ဆင်သည့်ဥပဒေကို လတ်တလော ပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြင်ဆင်လိုသည့်ပုဒ်မများကို အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်း/ ပြည်ပ ခရီးသွားများ အဟန့်အတားမဲ့ခရီးသွားလာနိုင်ရေး ခရီးသွားပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်

ပဲခူး ဩဂုတ် ၂၂

**ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသထွက်ကုန်များ၊ ဒေသအစားအစာများ၊တောတောင်ရေမြေသဘာဝနှင့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသစ်များ ဖော်ထုတ် ဆောင်ရွက်သွားရန် လိုအပ်သလို ရာသီအလိုက်ပွဲတော်များ ကျင်းပသွားရန် လိုအပ်ကြောင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားများ အဟန့်အတားမဲ့ ခရီးသွားလာနိုင်ရေး ခရီးသွားပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် လိုအပ်သလို မြို့ပြသန့်ရှင်းသာယာလှပရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ပွဲတော်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ တိုင်းရင်းသားကျေးရွာတို့၏ လူနေမှု ဓလေ့စရိုက်များကို ပြန်လည်ဖော်ထုတ်၍ ခရီးစဉ်အသစ်များ ထပ်မံချဲ့ထွင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များအတွက် မှန်ကန်သည့်သတင်းအချက်အလက်များ ပေးနိုင်ရေး၊ နိုင်ငံတကာနှင့် ပြည်တွင်းခရီးသွားပြပွဲများတွင် ဝင်ရောက်ပြသခြင်းအပြင် ဒေသအလိုက် ခရီးစဉ်လမ်းကြောင်းများကို သက်ဆိုင်ရာ Travel and Tour ကုမ္ပဏီများနှင့် ကြိုတင်ချိတ်ဆက် ဆောင်ရွက်ရန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးက ဟိုတယ်ဆောက်လုပ်ခွင့် တင်ပြခြင်း၊ လုပ်ငန်းလိုင်စင်အသစ်လျှောက်ထားခြင်း၊ ဟိုတယ်လိုင်စင်အမည်ပြောင်းခြင်း၊ ဟိုတယ်အမည်ပြောင်းခြင်း လျှောက်ထားခြင်းများကို Power Point ဖြင့် တင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက တင်ပြချက်များနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်များက အကြံပြုတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ ပန်းခင်း (၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**လက်ပံတန်း ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်း (၂) စီမံချက်ဖြင့် ဆောင်ရွက်ပေးသော နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက လက်ပံတန်းမြို့နယ် အထက (၂) ကျောင်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးကျော်စိုးမိုးက ပန်းခင်းစီမံချက် ရည်ရွယ်ချက်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ကိုင်ဆောင်သူများ လိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားကာ အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၃ ခုကို ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ အထက (ကျေးနီ) ကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ် အခု ၁၀၀ နှင့် အထက (မကျီးကွင်း) ကျောင်းတွင် အခု ၁၀၀ ပေးအပ်ပြီး Biometric Data များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို လက်ပံတန်းမြို့နယ် အတွင်းရှိ အသက် (၁၀) နှစ်နှင့်အထက်ရှိပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား သတ်မှတ်နေ့ရက်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ကျောက်မဲမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဩဂုတ် ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပကာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာရှိ ဇောတိကာရုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သံဃာတော် ၄၆ ပါးနှင့် ဒေသခံပြည်သူ ၂၇ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်များထုတ်ပေး

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယနေ့ နံနက် ၁၁ နာရီက တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ကျင်းပရာ တိုင်းဒေသကြီးရုံး ဒုတိယတာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ဇော် ပလတ်စတစ်စက်ရုံမှ အာမခံအလုပ်သမား ဦးခင်မောင်ထွန်းသည် ၁၄ - ၆ - ၂၀၂၃ ရက်က စက်ရုံအတွင်း လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၇၅၀၀၀၀၀ ကို ညီမဖြစ်သူ ဒေါ်အိအိခိုင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**အေးမိုး(ပြန်/ဆက်)**



# မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ဒေသများအတွက် အလှူငွေများပေးအပ်



**နေပြည်တော် ဩဂုတ် ၂၂**

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ဒေသများအတွက် မြန်မာသံရုံး တိုကျိုမြို့မှတစ်ဆင့် တိုကျိုမြို့အခြေစိုက် Asia-Pacific Ladies Friendship Society (ALFS) အသင်းကြီးက လှူဒါန်းသည့် ဂျပန်ယန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၊ မြန်မာသံရုံးများ၊ မိတ်ဖက်နိုင်ငံခြားကုမ္ပဏီများမှ လှူဒါန်းသည့် အလှူငွေ (နိုင်ငံခြားသုံးငွေ- ၅ မျိုး) နှင့် မြန်မာကျပ်ငွေလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလှူငွေများကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ယာပုံ)

ယနေ့ လှူဒါန်းပွဲတွင် မြန်မာသံရုံး တိုကျိုမြို့မှတစ်ဆင့် တိုကျိုမြို့အခြေစိုက် Asia-Pacific Ladies Friendship Society (ALFS) အသင်းကြီးက ဂျပန်ယန်း ၆၂၀၀၀ နှင့်ညီမျှသည့် မြန်မာငွေကျပ် ၉၃၁၅၀၀၀၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းများ၊ ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံသားများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများက မြန်မာငွေကျပ်(၆) သိန်းနှင့် နိုင်ငံခြားငွေ ၅ မျိုးနှင့်ညီမျှသည့် မြန်မာငွေကျပ် ၈၃၅၁၄၀၀၀ လှူဒါန်းခဲ့သည်။

မိုခါ ဆိုင်ကလုန်းမုန်တိုင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကဏ္ဍအလိုက်၊ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ အသိုင်းအဝိုင်းများမှ လှူဒါန်းထောက်ပံ့မှုများကို ဘေးသင့်ဒေသများသို့ အမြန်ဆုံးပို့ဆောင် ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် အကျိုးရှိထိရောက်စွာ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**



မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂) ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမိုးဇော်ထွန်းက ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သော Labour Force Survey အရ မြန်မာနိုင်ငံ၏ ကလေးဦးရေ ၁၂ သန်းကျော်တွင် ကလေးအလုပ်သမား ၁ ဒသမ ၁ သန်းကျော်ရှိ၍ ခြောက်သိန်းကျော်ခန့်သည် အသက် ၁၈ နှစ်အောက် ကလေးများဖြစ်ပြီး အန္တရာယ်ရှိသည့် အလုပ်များ လုပ်ကိုင်နေရကြောင်း၊ ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များဖြစ်သည့် မုန်တိုင်းများ ဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်းစသော ဘဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှု မရှိခြင်း၊ ပြည်တွင်းပဋိပက္ခကြောင့် ဆင်းရဲနွမ်းပါးမှုနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများကြောင့် လူမှုစီးပွားရေးဘဝ အကျပ်အတည်းများမှတစ်ဆင့် လူငယ်လူရွယ်များသည် ပညာဆုံးခန်းတိုင်အောင် မသင်ရဘဲ ကလေးအလုပ်သမားများအဖြစ် အသုံးပြုခြင်းခံနေရသည်ကို ဖွံ့ဖြိုးဆဲနိုင်ငံ အများစုတွင် ကြုံတွေ့နေရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ပူးပေါင်းညှိနှိုင်းကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီဝင်များ၏ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်မတီနှင့် ပတ်သက်သည့်လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြပြီး ဦးစားပေးနယ်မြေဖြစ်သည့် ကရင်၊ မွန်၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ စသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးတင်ပြ၍ တက်ရောက်လာသည့် အဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
*******************

**သတင်းကြေညာချက်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ( ၂၃ )ရက်**

၁။ ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် လျှောက်လွှာတစ်စောင်လျှင် (၂၀ဝိ/-) နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀ဝိ/-) တန်ဖိုးရှိပညာရေးဝန်ကြီးဌာန၊ ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှ စတင်၍ ရောင်းချပေးမည် ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ တင်သွင်းရာ၌ ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်နှင့် ပန်းရောင် ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံဖြင့် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ စနစ်ဟောင်း နဝမတန်း (Grade-10) အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်းတက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခြင်း မရှိခဲ့သူများနှင့် စနစ်ဟောင်း ဒသမတန်း (Grade 11) တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများကို ပြင်ပဖြေအဖြစ် ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး (၇၀ဝိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက် ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့ မှ စက်တင်ဘာလ (၂၉)ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၇၀ဝိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၂၉)ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၇။ သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူ တင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ ၁၂-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# ကချင်ပြည်နယ် ဝန်ကြီးချုပ် မြစ်ကြီးနားတက္ကသိုလ်၌ ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ပြည်နယ်အတွင်း သီးထပ်စွမ်းအား တိုးမြှင့်စိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်

မြစ်ကြီးနား ဩဂုတ် ၂၂

ကချင်ပြည်နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့က ဦးဆောင်၍ မြစ်ကြီးနားတက္ကသိုလ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်အတွင်း သီးထပ်စွမ်းအား တိုးမြှင့်စိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)



အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းပင် ဖြစ်ပါကြောင်း၊ "အဂတိဖယ်ခါ ပြည်သာယာ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူ့အဖွဲ့အစည်းအတွင်း အဂတိကင်းစင်စေရန် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများသာမက အများပြည်သူနှင့် သက်ဆိုင်သည့်အတွက် အားလုံးက ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့ဟောပြောပွဲမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အသိပညာရရှိနိုင်မည်ဖြစ်သကဲ့သို့ အဂတိလိုက်စားမှု ပပျောက်ရေးလုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်ဝင်းက ဟောပြောပွဲနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများ လိုက်နာမှတ်သားသင့်သည်များနှင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးနေထွန်းအောင်က အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သည့် အခြေအနေများ၊ အဖွဲ့ဝင် ပြည်နယ်ဥပဒေအရာရှိက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောပေးပြီး မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်နယ်အတွင်း သီးထပ်စွမ်းအားတိုးမြှင့်စိုက်ပျိုးနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ မိုးစပါးစံပြစိုက်ကွက် ဧရိယာဧက ၁၀၀၀ ကျော်တွင် မိုးစပါးအပြီး ဆောင်းရာသီဒုတိယသီးနှံအကွက်ကျယ် စံပြစိုက်ကွက်များအဖြစ် သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ပြင်ဆင်ချမှတ်ခဲ့သည့် အခြေအနေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်မှု ကိစ္စရပ်များ၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ Power Point Presentation များဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

### ကဏ္ဍများအလိုက်ရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ လင်းအောင်က လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းပြောကြားကြသည်။

### မေးမြန်းမှုများပြန်လည်ရှင်းလင်း

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

### ဆက်လက်ဖော်ပြသွားမည်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဒေသခံပြည်သူများ မဲနယ်တောင်ဒေသသာယာလှပရေး အရိပ်ရအပင်များနှင့် ပန်းအလှပင်များစိုက်ပျိုး

ဟိုပုံး ဩဂုတ် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်တွင် မဲနယ်တောင်ဒေသ သာယာလှပရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရိပ်ရအပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာတွင် ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက စိုက်ပျိုးခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၇ ဒသမ ၂၃၃ သန်းဖြင့် ဆောင်ရွက်သည့် ကောင်ကလွန်း-လွယ်မိုင်းတောင် (ပွိုင့် ၈၂၆၃) လမ်း (၃/၀) မိုင်အနက် (၂/၆) မိုင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြသည်။ အဆိုပါလမ်းဘေးရှိပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၇၀၀၀ ကျော်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ စုစုပေါင်းအင်အား ၁၅၀ ဖြင့် တောင်ဇလပ်အဖြူနှင့် တောင်ဇလပ်အနီ ၁၃၁ ပင်၊ ချယ်ရီပင် ၁၂၉ ပင် စုစုပေါင်း ၂၆၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ အဆိုပါလမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၈၂၅၀ တွင် မဲနယ်တောင်ဒေသတောင် ဇလပ်ပန်းများ၏ အလှအပများ၊ တိမ်ပင်လယ်များ၏ သဘာဝအလှတရားများ ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ဖျာပုံ၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

ဖျာပုံ ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု ငွေတောင်စံပြကျေးရွာတွင် ခရိုင်အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာန၏ဦးဆောင်မှုဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေပြီး မိသားစုဝင်ငွေ တိုးတက်ရရှိစေရန် ရည်ရွယ်၍ အခြေခံ စက်ချုပ်နည်းပညာ သင်တန်းကို ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဘိုကလေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်း က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဖျာပုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ဇင်မာထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကိုဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု ငွေတောင်စံပြကျေးရွာမှ သင်တန်းသူ ၁၀ ဦးဖြင့် ပထမအကြိမ်အဖြစ် ၂၂-၈-၂၀၂၃ မှ ၂၀-၉-၂၀၂၃ ရက်နေ့ အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဒုတိယအကြိမ် မွမ်းမံသင်တန်းကို ၁၅ ရက်ကြာ ထပ်မံ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသူ ငါးဦး ရွေးချယ်၍ အသေးစားကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်စေရန်အတွက် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသော အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက”မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် ဩဂုတ် ၂၂

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး) ကလေးတစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” မှာ ယခုအသက် ၁ နှစ်၊ ၁ လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၇၂၆ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

*(ယမန်နေ့မှအဆက်)*

## “မယ်ဒလင်” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မန္တလာဘုံ (ဘွဲ့)
(ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(င) အမင်းမင်းခရ (သီချင်းခံ)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)
(ခ) သူငွေးဝါဒ (ကာလပေါ်)
(ဂ) မင်္ဂလာသီရိ (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
(ဂ) ဝိဇ္ဇာတောလား (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သည်ဆောင်းဟေမန် (ဘွဲ့)
(ခ) လက်ရေတပြင်တည်း (ကာလပေါ်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) မင်္ဂလာဆယ့်နှစ်ပါး (ကာလပေါ်)

## “ဂီတာ” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ဂ) ပုံပမာ (ကြိုး)
(ဃ) ဖြူပြာမူရာ (ပတ်ပျိုး)
(င) မန္တလာဘုံ (ဘွဲ့)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) ရွှေလည်တိုင် (ကာလပေါ်)
(ဂ) ဆန်းဆန်းသဏ္ဌာကြာညောင် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နန်းဘုံသီဟာဘွေ (ယိုးဒယား)
(ခ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မိုးသက်လေနှင် (ကာလပေါ်)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) စံရာတောင်ကျွန်း (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သီလာမြေယံ (ကြိုး)
(ခ) လူမနှော (ပတ်ပျိုး)
(ဂ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

## “ဒုံမင်း” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ခ) မြရည်နန္ဒာ (ဘွဲ့)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
(င) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) တောင်တောသာယာ (ယိုးဒယား)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) ရွှေလည်တိုင် (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မေတ္တာဖျန်းမှလန်းဆန်းမယ် (ကာလပေါ်)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းဆန်းသဏ္ဌာကြာညောင် (ယိုးဒယား)
(ခ) အန္တရာယ်ကင်း (ကာလပေါ်)
(ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
(ခ) မဟာဇနက (ကာလပေါ်)
(ဂ) ရွှေပဇ္ဇုန် (ယိုးဒယား)

## “ဆိုင်းတစ်ဦးချင်း” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နှင်းယွန်းဂိမှာန် (မွန်)
(ခ) သာရကာကျေး (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(င) ရွှေညီလာ (လေးထွေသံကပ်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) လက်ယာသပြေ (ပတ်ပျိုး)
(ခ) မြိုင်ဂန္ဓမာ (ယိုးဒယား)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
(ခ) အတိုင်းမသိဘုန်းတော် (ဘွဲ့)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) လွမ်းပိုအောင် (ယိုးဒယား)
(ခ) ရဂုံဟေမာန် (ပတ်ပျိုး)
(ဂ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ခန်းတွင်းရိပ်သာ (ကြိုး)
(ခ) ဘုံဆောင်မြင့် (ကြိုး)
(ဂ) မြန်သပြေဗွေတကျွန်းခြားမြေ (ယိုးဒယား)

❒ *ကျောဖုံးမှ*

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့်အတူ အာဆင်နယ်အသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သည်။ သို့သော်လည်း အာဆင်နယ်ဂိုးသမား ရမ်ဒေးလ်အထူးလက်စွမ်းပြကာကွယ်ပြီး အသင်း ခံစစ်က ဟန့်တားရှင်းထုတ်နိုင်ခဲ့သည့်အတွက် လိုအပ်သည့် သွင်းဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ထိုနည်းတူ အာဆင်နယ်အသင်းကလည်း သာလွန်သည့် ကစားဟန်ဖြင့် ဂိုးရရှိနိုင်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သော်လည်း ပြိုင်ဘက်ဂိုးသမားနှင့် ခံစစ်တို့၏ ဟန့်တားရှင်းထုတ်ပုံ ကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ပွဲချိန် ၅၄ မိနစ်တွင် ရရှိလာသည့် ပယ်နယ်တီကို အသင်းခေါင်းဆောင် အိုဒီဂတ် အဆုံးသတ်ကန်သွင်းပြီး အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူရရှိခဲ့သည်။

ပွဲချိန် ၆၇ မိနစ်တွင် အာဆင်နယ်ခံစစ်ကစားသမား တိုမိယာဆု နှစ်ဝါတစ်နီဖြင့်ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ သို့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် အာဆင်နယ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **အောင်ဇော်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့်ဖွင့်ပွဲအခမ်းအနား တက်ရောက်

စစ်တွေ ဩဂုတ် ၂၂

**၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။**

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပြည်နယ်၏စီးပွားရေး၊ ပညာရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အာဟာရပြည့်ဝခြင်းသည် လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်ခုကစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍတွင်တည်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်မှာ စားနပ်ရိက္ခာလုံခြုံရေး၊ စားရေရိက္ခာပေါများရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ အာဟာရပြည့်ဝရန်အတွက် အစားအစာ လက်လှမ်းမီရရှိရန် လိုအပ်သကဲ့သို့ အစာအာဟာရ အကြောင်း သိနားလည်ရန်၊ လိုက်နာကျင့်သုံးရန်နှင့် ရွေးချယ်ချက်ပြုတ် စားသုံးတတ်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် စာရင်းဇယားအချက်အလက်များအရ ရခိုင်ပြည်နယ်တွင် လူဦးရေ ၃ ဒသမ ၃ သန်းကျော်ရှိရာတွင် ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၆၃၆၈၃ ဦး၊ အသက်တစ်နှစ်အောက် ကလေးငယ် ၅၉၅၄၉ ဦး၊ အသက်ငါးနှစ်အောက် ကလေးငယ် ၃၁၂၃၆၄ ဦးရှိကြောင်း သိရှိရသည့်အတွက် ပြည်နယ်လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်မှာ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်ငါးနှစ်အောက် ကလေးများဖြစ်၍ ၎င်းတို့၏ ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အလေးအနက်ထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ် ဩဂုတ်လရောက်တိုင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော လူငယ်များ၊ ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူများအားလုံး သက်ရှည်ကျန်းမာရန်အတွက် အခြေခံကျပြီး အရေးပါသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်လွင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဆွေဆွေမြတ်နှင့် တာဝန်ရှိသူများက တန်ဖိုးနည်း အာဟာရချက်ပြုတ်ပြိုင်ပွဲဆု၊ မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ဆု၊ အာဟာရသားကောင်းမိခင်စံပြဆု၊ ကျန်းမာပြည့်ဝအာဟာရကလေးစံပြဆု၊ဘဝရှေ့ဆောင်ရက် (၁၀၀၀) စံပြဆုနှင့် ကျန်းမာဉာဏ်ရွှင်သားကောင်းမိခင်ဆု ရရှိကြသူများအား ဆုများပေးအပ်ကြပြီး အလှူရှင်များက ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ ပေးအပ်ကာ အထိမ်းအမှတ်ပြခန်းများ၊ တန်ဖိုးနည်း အာဟာရပြည့်ဝသည့် အစားအစာပြင်ဆင်ချက် ပြုတ်သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။



**တင်ထွန်း(ပြန်/ဆက်)**

---

## ဝေါမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြော

**ဝေါ ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုနွယ်ဦးက ကလေးသူငယ် အခွင့်အရေးဆိုင်ရာများ နှင့် ပတ်သက်၍ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ၊ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများ၊ ကလေးသူငယ်၏ အခွင့်အရေးများ၊ ကလေးသူငယ်ကို မွေးစားခြင်းဆိုင်ရာများ၊ အလုပ်လုပ်ကိုင်စေခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းဆိုင်ရာများတို့ကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်ဦးက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ်များအား အကြမ်းဖက်ခြင်းဆိုင်ရာ များ၊ CRC ဖွဲ့စည်းဆောင်ရွက်မှု၊ ယခင် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေနှင့် (၂၀၁၉) ခုနှစ်တွင် ကလေးသူငယ် အသက်ကို (၁၈) နှစ်အောက် သတ်မှတ်ခြင်းနှင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ဆောင်ရွက်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန် စသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

---



## တပ်ကုန်းမြို့၌ ကျောင်းသူ ၁၀၀ အား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးထိုးနှံ

**တပ်ကုန်း ဩဂုတ် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အောင်ဇေယျရပ်ကွက် အမှတ်(၁)နှင့် မြဝတီရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းများရှိ ကာကွယ်ဆေးထိုးစုရပ်၌ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်မောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးမထိုးမီ ကျန်းမာရေးစစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်ပြီး အောင်ဇေယျရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ ၅၀၊ မြဝတီရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ ၅၀ စုစုပေါင်း ကျောင်းသူ ၁၀၀ အား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံခဲ့ကြောင်းနှင့် ကျန်ကျောင်းသူများကိုလည်း ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

---

## တောင်ကုတ်၌ မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကျင်းပ

**တောင်ကုတ် ဩဂုတ် ၂၂**

ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင်၏ မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက တောင်ကုတ်မြို့နယ် ကန်းဒေးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်တိုး တို့က လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး (တာဝန်ခံ) ဦးထွန်းသိန်း က ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ထွန်တုံးပိတ်ပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက (EM) ဘိုကာရှီပြုလုပ်နည်းများကို လက်တွေ့သရုပ်ပြသရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တောင်သူများက ကြည့်ရှုသည်။ တောင်ကုတ်ခရိုင်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ဧက ၉၅၇၂၃ ဧကရှိပြီး တောင်ကုတ်မြို့နယ်တွင် ၆၈၄၀၂ ဧက၊ မာန်အောင်မြို့နယ်တွင် ၂၇၃၂၁ ဧကရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**မြို့နယ်(ပြန်/ဆက်)**


---

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# ဖိလစ်ပိုင်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု

ခန့်ဇော် (ကျေးလက်)

**ဖိလစ်ပိုင်နိုင်ငံသည် ၁၈၉၈ ခုနှစ်တွင် အမေရိကန်၏ ကိုလိုနီဖြစ်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ၂၀၂၃ ခုနှစ် စာရင်းအရ လူဦးရေ ၁၁၇ သန်းကျော်ရှိပြီး ၂၀၂၃ ခုနှစ် မေလ Social Weather Stations Survey အရ ဆင်းရဲမှုနှုန်းအနေဖြင့် မိသားစု ၅၁ ရာခိုင်နှုန်းသည် ဆင်းရဲ၍ ၃၀ ရာခိုင်နှုန်းခန့်သည် အလယ်အလတ်ဖြစ်ပြီး ကျန် ၁၉ ရာခိုင်နှုန်းမှာ ဆင်းရဲမှုမရှိကြောင်း သိရသည်။ ကမ္ဘာ့ဘဏ်၏စာရင်းအရ ဖိလစ်ပိုင်နိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာ ၂၀၁၈ ခုနှစ်က ၁၆ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၁၈ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပြီး ဆင်းရဲနွမ်းပါးလူဦးရေ ၁၉ ဒသမ ၉ သန်းကျော်ခန့်အထိ ရှိလာကြောင်း တွေ့ရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင်တည်ရှိကာ ကျွန်းပေါင်း ၇၆၄၁ ကျွန်းဖြင့် ဖွဲ့စည်းထားပြီး စတုရန်းကီလိုမီတာ သုံးသိန်းခန့် ကျယ်ဝန်းသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး သမ္မတသက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။**




### ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေး

စားသောက်ကုန်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေ၊ သံနှင့်စတီး၊ ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်းသည် နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်ပြီး အဓိက ပို့ကုန်မှာ Electronic Product များဖြစ်ကာ နိုင်ငံ GDP ၏ ၄၂ ရာခိုင်နှုန်းအထိရှိကြောင်း Trading Economics ၏ ဖော်ပြချက်အရ လေ့လာသိရှိရသည်။ စိုက်ပျိုးရေးသည်လည်း နိုင်ငံ GDP ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး ဆန်၊ ပြောင်း၊ အုန်းသီး၊ ကြံ၊ ငှက်ပျော၊ နာနတ်များ စိုက်ပျိုးသည့်အပြင် ကမ္ဘာ့အကြီးဆုံး အုန်းသီးစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံလည်း ဖြစ်သည်။

### ဖိလစ်ပိုင်နိုင်ငံ၏ GDP

၂၀၂၂ ခုနှစ် ဒီဇင်ဘာလစာရင်းအရ ဖိလစ်ပိုင်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄၀၄၂၆၁ မီလီယံခန့်ရှိပြီး တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၃၆၂၃ ခန့်ရှိရာ မြန်မာနိုင်ငံ၏ တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၁၁၀၃ ခန့်သာရှိသည့်အတွက် မြန်မာနိုင်ငံထက် ၃ ဒသမ ၃ ဆခန့် ပိုမိုကြောင်း တွေ့ရှိရသည်။ ကဏ္ဍကြီးသုံးခု၏ GDP တိုးတက်မှုအရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၂ ခုနှစ်က စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၉ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဝန်ဆောင်မှုကဏ္ဍတွင် ၆၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိကြောင်း Philippines Statistics Authority(PSA) အရ လေ့လာသိရှိရသည်။

### ဆင်းရဲနွမ်းပါးမှုနှင့် ဆင်းရဲရသည့်အကြောင်းရင်းများ

အလုပ်လက်မဲ့ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းမှာ လူဦးရေ ၃၀၀၀ လျှင် ၂၆ ဦးနှုန်း သေဆုံးလျက်ရှိသည်။ PSA အရ ၂၀၂၁ ခုနှစ်က ဖိလစ်ပိုင်လူမျိုးများအကြား ဆင်းရဲနွမ်းပါးမှုပမာဏမှာ ခန့်မှန်းခြေအားဖြင့် ၁၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး မိသားစုပေါင်း ၃ ဒသမ ၅ သန်းခန့် ဆင်းရဲတွင်းနက်ခဲ့ရသည်ဟု ဆိုပါသည်။ ဆင်းရဲနွမ်းပါးရသည့် အဓိကအကြောင်းရင်းများမှာ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသော သောက်သုံးရေရရှိမှုကဲ့သို့သော အခြေခံဝန်ဆောင်မှုများ ပြည့်ပြည့်ဝဝ မရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း လုံလောက်စွာမရရှိခြင်းနှင့် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့် ရရှိခြင်းတို့ကြောင့်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့်လည်း အချို့ဒေသများတွင် ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးရွားစေသည်ကို တွေ့ရသည်။

ဖိလစ်ပိုင်နိုင်ငံ ဆင်းရဲရခြင်း အကြောင်းရင်းများတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျောင်းသားလူငယ်များ၊ အလုပ်လုပ်နိုင်သည့် လူငယ်/လူလတ်ပိုင်းများ ပျက်စီးထိခိုက်ရခြင်းအပြင် တရားမဝင် လက်နက်ကုန်သွယ်မှုများပါ ဆက်စပ်နေသည်။ လက်နက်ကိုင်အဖွဲ့များ၏ စီးပွားရေးဖြစ်နေပြီး နိုင်ငံဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးတို့တွင် များစွာအနှောင့်အယှက် အဟန့်အတားဖြစ်စေပါသည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးလက်ထက်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ကမ္ဘာတွင် အကြီးကျယ်ဆုံး ဆောင်ရွက်ချက်များကို တွေ့ရပြီး ပြင်းထန်သော တိုက်ဖျက်ရေးလုပ်ငန်းစဉ် လှုပ်ရှားမှုများ၊ စစ်ဆင်ရေးများရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ဖိလစ်ပိုင်အစိုးရသည် ယခင်က International Criminal Court-ICC တွင် လက်မှတ်ရေးထိုးထားသော်လည်း နုတ်ထွက်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ထိရောက်မှုများရှိသကဲ့သို့ လူအများအပြား ထိခိုက်ပျက်စီးမှုများလည်းရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တိုက်ဖျက်ခြင်း အဆင့်တိုင်းတွင် အဖွဲ့အစည်းတိုင်း၊ နိုင်ငံသားတိုင်း ပါဝင်ရပါမည်။ မထိခိုက်သင့်သူ၊ မဆိုင်သူများကို မထိခိုက်စေရန်လည်း တရားဥပဒေဘောင်အတွင်းမှ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း လေ့လာသုံးသပ်မိပါသည်။

### ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ

တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲမှုနှင့် ဘာဘာဝဘေးအန္တရာယ်များက ဖိလစ်ပိုင်နိုင်ငံ၏ ထိခိုက်လွယ်ဒေသများရှိ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုများရှိနေသည်ကို တွေ့ရှိရသည်။ နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုလျှော့ချရေး စီမံချက်များတွင် စောစီးစွာ သတိပေးခြင်းစနစ်များ၊ အရေးပေါ်အခြေအနေ တုံ့ပြန်ဖြေရှင်းရေး အစီအမံများနှင့် အာမခံစနစ်များကဲ့သို့သော အစီအမံများပါဝင်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ တိုးမြှင့်ရန်၊ ပြည်သူလူထုနှင့် နိုင်ငံတော်အဆင့်၌ သဘာဝဘေးအန္တရာယ် လျှော့ချခြင်းနှင့် စီမံခန့်ခွဲမှုစနစ်များ အားပေးဆောင်ရွက်ရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်/ ရာသီဥတုဆိုင်ရာ ဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်နိုင်စေရန် စသည်တို့လည်း ပါဝင်ပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးဒဏ် မကြာခဏခံရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မီးတောင်အရေးအတွက် ပေါများသည့်နိုင်ငံဟု လူသိများပါသည်။ ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေအများဆုံးနိုင်ငံဖြစ်ပြီး နှစ်စဉ် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသည့် ဘာဘာဝဘေးမျိုးစုံဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဆင်းရဲရခြင်း အကြောင်းရင်းများတွင် သဘာဝဘေးကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ အရင်းအမြစ်များပျက်စီးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပျက်စီးခြင်း စသည်တို့ ပါဝင်ပြီး ဆုံးရှုံးမှုများပြားသည့်အလျောက် ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်လည်းများပြားကာ ထိုသို့မကြာခဏဖြစ်ခြင်းနှင့် ဆုံးရှုံးခြင်းများကြောင့် ဆင်းရဲမှုနှုန်း ပို၍ တိုးမြင့်လာမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့သည် အဓိကစိန်ခေါ်မှုများ ဖြစ်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်နိုင်ရေးအတွက် သီးနှံအာမခံစနစ် ဖော်ဆောင်ထားရှိသည်ကို တွေ့ရသည်။

### ဖိလစ်ပိုင်နိုင်ငံ၏ သီးနှံအာမခံ

စိုက်ပျိုးသီးနှံများအတွက် အာမခံလုပ်ငန်းကို အစိုးရပိုင် ဖိလစ်ပိုင်သီးနှံ အာမခံကော်ပိုရေးရှင်း (Philippine Crop Insurance Corporation-PCIC) က ဦးဆောင်ကြီးကြပ်ပြီး အဓိကရည်ရွယ်ချက်မှာ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသော သီးနှံဆုံးရှုံးမှုများ၊ ကောက်ပဲသီးနှံနှင့် အခြားသီးနှံများအတွက် အပင်ရောဂါများနှင့် ပိုးကျခြင်းများကြောင့် ဆုံးရှုံးမှုများမှ ကာကွယ်နိုင်စေရေးအတွက် လယ်သမားများအား အာမခံအကာအကွယ်ပေးရန် ဖြစ်သည်။

ဆန်စပါးအတွက် စိုက်ပျိုးရေးအာမခံလုပ်ငန်းကို ၁၉၈၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ပြောင်းနှင့် ၁၉၉၁ ခုနှစ်တွင် ဆေးရွက်ကြီးတို့အတွက် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၉၃ ခုနှစ်တွင် တန်ဖိုးမြင့် စီးပွားဖြစ်သီးနှံများ(High Value Commercial Crops-HVCC)(ငှက်ပျော၊ ကြက်ဟင်းခါး၊ ကညွတ်၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ပီလောပီနံ၊ အုန်း၊ ကော်ဖီ၊ စီးပွားဖြစ်အပင်များ၊ ဝါဂွမ်း၊ ကြက်သွန်ဖြူ၊ ချင်း၊ သရက်၊ ပဲစေ့၊ ကြက်သွန်နီ၊ သဘော်၊ မြေပဲ၊ နာနတ်၊ ကြံ၊ ကန်စွန်းဥ၊ ဆေးရွက်ကြီး၊ ခရမ်းချဉ်၊ ဖရဲ၊ အာလူးဖြူစသည်)နှင့် အခြားကုန်ပစ္စည်းများပါ အကျုံးဝင်စေရန် အာမခံလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

အာမခံအကာအကွယ်သည် စိုက်ပျိုးသည့်မျိုးစေ့အမျိုးအစားအပေါ် မူတည်၍ ကွဲပြားပြီး အလုပ်သမားစရိတ်၊ ထုတ်လုပ်မှုကုန်ကျစရိတ် စသည်တို့ အပါအဝင် အပိုဆောင်းကုန်ကျစရိတ်များကိုပါ လွှမ်းခြုံနိုင်မှုရှိကာ တစ်ဟက်တာလျှင် ဖိလစ်ပိုင်ပီဆို ၂၈၀၀၀ မှ ၆၅၀၀၀ အထိ ရရှိနိုင်သည်ကို တွေ့ရသည်။ အကျုံးဝင်ကာလမှာ မျိုးစေ့စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိဖြစ်ပြီး အာမခံပရီမီယံကြေးမှာ ဒေသ၊ ရာသီဥတုနှင့် ထိခိုက်ပျက်စီးမှုအမျိုးအစားတို့အရ နှစ်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းခန့် နှုန်းထားအမျိုးမျိုးရှိကာ ပရီမီယံကြေးကို လယ်သမား၊ ငှားရမ်းသည့်အဖွဲ့အစည်းနှင့် အစိုးရတို့က မျှဝေကျခံကြရသည်။

တန်ဖိုးမြင့် စီးပွားဖြစ်သီးနှံများ(HVCC)အတွက် အာမခံအကာအကွယ်တွင် တိုင်ဖွန်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မိုးခေါင်ရေရှားမှုများ၊ မြေငလျင်နှင့် မီးတောင်ပေါက်ကွဲမှုများ၊ အပင်ရောဂါများ၊ ပိုးကျခြင်းများနှင့် မတော်တဆမီးလောင်မှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များအတွက်ပါ အကျုံးဝင်သည်။ *စာမျက်နှာ ၁၁ သို့*

❖ **၂၀၂၂ ခုနှစ် ဒီဇင်ဘာလစာရင်းအရ ဖိလစ်ပိုင်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄၀၄၂၆၁ မီလီယံခန့်ရှိပြီး တစ်ဦးချင်း GDP မှာ အမေရိကန် ဒေါ်လာ ၃၆၂၃ ခန့်ရှိရာ မြန်မာနိုင်ငံ၏ တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၁၁၀၃ ခန့်သာရှိသည့်အတွက် မြန်မာနိုင်ငံထက် ၃ ဒသမ ၃ ဆခန့် ပိုမိုကြောင်း တွေ့ရှိရသည်။ ကဏ္ဍကြီးသုံးခု၏ GDP တိုးတက်မှုအရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၂ ခုနှစ်က စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၉ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဝန်ဆောင်မှုကဏ္ဍတွင် ၆၁ ဒသမ ၄ ရာခိုင်နှုန်းအထိရှိကြောင်း Philippines Statistics Authority(PSA) အရ လေ့လာသိရှိရသည်**

*စာမျက်နှာ ၁၀ မှ*

အာမခံကြေးထုတ်ယူမှုမရှိသည့် လယ်သမားများသည် အာမခံကြေးမထုတ်ယူသည့်အတွက် အပိုဆုကြေးအဖြစ် နောက်တစ်ကြိမ် အာမခံထားရှိချိန်တွင် ပရီမီယံကြေး၏ ၁၀ ရာခိုင်နှုန်းခန့် သက်သာခွင့်ရရှိသည်။

အခြားတစ်ဖက်တွင်လည်း ဖိလစ်ပိုင်အစိုးရသည် ဆန်စပါးအထွက်တိုးစေရန် စိုက်ပျိုးရေးအစီအစဉ်တစ်ခုဖြစ်သည့် Masagana 99၊ ဘက်စုံစိုက်ပျိုးရေး ပြုပြင်ပြောင်းလဲရေးအစီအစဉ်(Comprehensive Agrarian Reform Program–CARP)၊ လူမှုရေးပြုပြင်ပြောင်းလဲမှုနှင့် ဆင်းရဲမှုလျှော့ချရေး လှုပ်ရှားမှု(Social Reform and Poverty Alleviation Act–SRPAA)နှင့် Pantawit Pamilyang Pilipino Program(4Ps) စသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အမျိုးမျိုးကို ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရှိရသည်။

**စိုက်ပျိုးစီးပွားကဏ္ဍ မြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ချက်များ**

Masagana 99(M99)သည် ဆန်စပါးစိုက်ပျိုးသူတောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရန်နှင့် စပါးအထွက်တိုးစေရန် ၁၉၇၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတော်အစိုးရက စတင်ဆောင်ရွက်ခဲ့သည့် ဆန်စပါးထုတ်လုပ်ရေး အစီအစဉ်တစ်ခုဖြစ်ပြီး သွင်းကုန်များအပေါ် မှီခိုနေမှုကို လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လယ်သမားများအား ရိုးရာစပါးမျိုးစေ့များထက် ပိုမိုအထွက်နှုန်းကောင်းသည့် စပါးမျိုးစေ့များကို စတင်မိတ်ဆက်ပေးခဲ့ပြီး ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် ဆည်မြောင်းဖောက်လုပ်ပေးခြင်းစသော ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် သွင်းအားစုများ ထောက်ပံ့ပေးသည့်အပြင် ချေးငွေရရှိစေရန် စိုက်ပျိုးရေးချေးငွေနှင့် သမဝါယမဘဏ္ဍာရေးစီမံခန့်ခွဲမှု(Agricultural Credit & Cooperative Financing Administration– ACCFA)မှတစ်ဆင့် ကူညီပံ့ပိုးပေးခဲ့သည်။ Masagana 99 အစီအစဉ်သည် နိုင်ငံအတွင်း ဆန်စပါးထုတ်လုပ်မှုတိုးမြှင့်ရေး ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိခဲ့သော်လည်း လုပ်ကွက်ငယ်တောင်သူများသည် တောင်သူလယ်သမားကြီးများလောက် အကျိုးအမြတ်မရရှိခဲ့သည့်အတွက် ဝေဖန်ခံခဲ့ရသည်။

**ဘက်စုံ စိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်**

၁၉၈၇ ခုနှစ်တွင် ဘက်စုံစိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်(CARP)ကို ဆောင်ရွက်ခဲ့ပြီး တောင်သူလယ်သမားများအား မြေယာပြန်လည်ပေးအပ်ခြင်းနှင့် အထောက်အပံ့ ဝန်ဆောင်မှုများပေးခြင်းဖြင့် နိုင်ငံအတွင်းရှိ မြေယာပြန်လည်ပြုပြင်ရေး ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ မြေယာများကို ပုဂ္ဂလိကမြေပိုင်ရှင်များထံမှ ဆန္ဒအလျောက် လွှဲပြောင်းပေးသည့်စနစ် သို့မဟုတ် မဖြစ်မနေ သိမ်းယူသည့် နည်းလမ်းတို့ဖြင့် ရယူခဲ့ပြီး မြေငှားများ စာချုပ်ဖြင့် ငှားရမ်းသူများနှင့် အနည်းဆုံး ၁၀ နှစ်ကျော်ခန့် မြေယာထွန်ယက်စိုက်ပျိုးခဲ့သည့် လယ်ယာမြေအလုပ်သမားများအား မြေယာများ ပေးအပ်ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေးဦးစီးဌာန၏ အဆိုအရ တောင်သူလယ်သမား ၂ ဒသမ ၈ သန်းကျော်အား မြေဟက်တာ ၄ ဒသမ ၈ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်ဟု သိရသည်။ ချေးငွေ၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး အထောက်အပံ့များ အပါအဝင် မြေယာနှင့် အရင်းအမြစ်များကို စုပေါင်းစီမံခန့်ခွဲမည့် တောင်သူလယ်သမားများအား ကိုယ်တိုင်ရပ်တည်နိုင်သော လူ့အဖွဲ့အစည်းများ ဖြစ်လာစေရန် ပျိုးထောင်ပေးပြီး စိုက်ပျိုးရေးပြုပြင်ပြောင်းလဲရေး အဖွဲ့အစည်းများကိုပါ ထူထောင်ပေးခဲ့သည်။ မြေယာပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခွန်ကောက်ခံခြင်းနှင့် အစိုးရငွေချေးစာချုပ်များ ထုတ်ချေးပေးခြင်းတို့မှတစ်ဆင့် ရန်ပုံငွေထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မြေယာပိုင်ရှင်များ၏ ခုခံတော်လှန်မှုနှင့် ရန်ပုံငွေမလုံလောက်မှုစသောစိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

**လူထုဗဟိုပြု ဖွံ့ဖြိုးရေးအစီအစဉ်**

၂၀၀၂ ခုနှစ်တွင် လူထုဗဟိုပြု ဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုဖြစ်သည့် Kapit–Bisig Laban sa Kahirapan Comprehensive and Integrated Delivery of Social Services (KALAHI–CIDSS) ကို စတင်ဆောင်ရွက်ခဲ့ပြီး ပြည်သူများကိုယ်တိုင် ဦးစားပေးလုပ်ငန်းများ ခွဲခြားသတ်မှတ်ရန်၊ စီမံကိန်းများ ကိုယ်တိုင်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အရင်းအမြစ်များကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ စာရေးသူတို့နိုင်ငံရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော လူထုဗဟိုပြုစီမံကိန်း (Community Driven Development Project–CDDP)၊ ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(Village Development Project–VDP) စသည်တို့၏ စီမံကိန်းပုံစံကဲ့သို့ လူထုကိုယ်တိုင် ဦးဆောင်အကောင်အထည်ဖော်သည့် စီမံကိန်းပုံစံဖြစ်သည်။

ပြည်သူလူထုကိုယ်တိုင် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောအရင်းအမြစ်နှင့် နည်းပညာအကူအညီများ ထောက်ပံ့ပေးပြီး လမ်း၊ တံတား၊ ရေ ရရှိရေးနှင့် ကျန်းမာရေးဌာနများကဲ့သို့သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးသည့် လုပ်ငန်းများ ပါဝင်သည်။ ယင်းအစီအစဉ်တွင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ အထောက်အပံ့များ၊ အစိုးရ၏ ထောက်ပံ့ငွေ၊ ပြည်သူလူထု၏လုပ်အား/ပစ္စည်းကိရိယာ/ငွေကြေးထည့်ဝင်မှုတို့လည်း ပါဝင်သည်။ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဆိုအရ ခရိုင် ၇၂ ခုရှိ ပြည်သူ ၃၀၀၀ ကျော်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်သူ ၆ ဒသမ ၂ သန်းကျော် အကျိုးခံစားခွင့်ရရှိကြောင်း သိရသည်။

**စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အစီအစဉ်**

၂၀၁၁ ခုနှစ်တွင် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်တစ်ခုဖြစ်သည့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစီအစဉ် (Sustainable Livelihood Program–SLP)ကို စတင်ဆောင်ရွက်ခဲ့ပြီး ဆင်းရဲသားများနှင့် ထိခိုက်လွယ်အိမ်ထောင်စုများအား စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းနှင့် အရင်းအမြစ်များရရှိရေး ကူညီထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်ခဲ့သည်။ SLP သည် တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများ အပါအဝင် ဆင်းရဲ၍ ထိခိုက်လွယ်သော အိမ်ထောင်စုများအား ဦးတည်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ မျိုးစေ့အရင်းအနှီးနှင့် ချေးငွေတို့ အပါအဝင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီများစွာ ထောက်ပံ့ပေးပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် ပိုင်ရှင်စိတ်ဓာတ်ရှိမှုတို့ကို အလေးထားဆောင်ရွက်သည့် လူထုဗဟိုပြုအစီအစဉ်ဖြစ်ပြီး ထောက်ပံ့ပေးရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် နည်းပညာအကူအညီနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေသည့် ဝန်ဆောင်မှုများလည်း ပါဝင်ပါသည်။ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဆိုအရ အိမ်ထောင်စု ၁ ဒသမ ၂ သန်းကျော် အကျိုးခံစားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိလစ်ပိုင်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း**

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဖိလစ်ပိုင်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Philippine Rural Development Project–PRDP) ကို ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာကုန်ထုတ်လုပ်မှု မြှင့်တင်ပေးခြင်းနှင့် ဈေးကွက်ရရှိရေး တိုးမြှင့်ပေးခြင်းတို့ဖြင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။

PRDP တွင် ကုန်ထုတ်လမ်းများ၊ တံတားများ၊ အများနှင့်ဆိုင်သော ဆည်မြောင်းဖောက်လုပ်မှုစနစ်များနှင့် အခြားအခြေခံအဆောက်အအုံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ဆောက်ခြင်းနှင့် အသစ်ပြန်လည်ပြုပြင်ခြင်းတို့မှတစ်ဆင့် ကျေးလက်ဒေသ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကုန်သိုလှောင်ရေးအဆောက်အအုံများ၊ အခြောက်ခံခြင်း ပစ္စည်းကိရိယာများနှင့် ရိတ်သိမ်းပြီးနောက်ပိုင်းလိုအပ်သော အသုံးအဆောင်ပစ္စည်းများအတွက်ပါ ထောက်ပံ့ပေးသည်။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်စေရေးအတွက် လယ်သမားများအား နည်းပညာနှင့် သွင်းအားစုများ ကူညီပေးခြင်း၊ တန်ဖိုးမြင့်သီးနှံများ၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးခြင်းကဲ့သို့သော တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကူညီထောက်ပံ့ပေးပါသည်။

ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတော်အဆင့်ဈေးကွက်များသို့ ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် ကုန်ထုတ်လုပ်သူများအား ဈေးကွက်ရရှိစေပြီး ဈေးကွက်ဖော်ဆောင်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသဆိုင်ရာနှင့် နိုင်ငံတော်အဆင့် ကုန်စည်ပြပွဲများနှင့် ပြခန်းများတွင် ကျေးလက်ကုန်ထုတ်လုပ်သူများ ပူးပေါင်းပါဝင်ရေး ကူညီဆောင်ရွက်ပေးပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၏ အဆိုအရ PRDP သည် တောင်သူလယ်သမားများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်သန်းကျော်ခန့် အကျိုးခံစားခွင့်ရှိစေခဲ့ပြီး ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ဝင်ငွေတိုးပွားစေရေးအတွက် များစွာအထောက်အကူပြုနိုင်ခဲ့သည်ကို တွေ့ရသည်။

**လေ့လာသုံးသပ်ချက်**

စိုက်ပျိုးမွေးမြူရေးအပေါ်တွင် အခြေခံရာမှ လယ်ယာစိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် အခြေခံသည့်စနစ်သို့ ပြောင်းလဲဖော်ဆောင်ကာ သွင်းကုန်များအပေါ် မှီခိုရမှု လျော့နည်းစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း အစီအမံများ ဆောင်ရွက်ရာတွင် စာရေးသူတို့နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စီမံကိန်းဒီဇိုင်း တူညီသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ရှေ့၌ဆိုခဲ့သကဲ့သို့ပင် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်ရရှိခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးမားသည့် စိန်ခေါ်မှုများဖြစ်သည်ကို သတိချပ်ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် ခွဲ၍မရသော အပြန်အလှန်ဆက်စပ်မှုဖြစ်သည့်အတွက် တစ်ပြိုင်နက်တည်း အတူယှဉ်တွဲ၍ ကြိုးပမ်းဖော်ဆောင်ရမည့် လုပ်ငန်းဆောင်တာများဖြစ်သည်။

သဘာဝဘေးအန္တရာယ် ဆိုသည်ကလည်း ကြိုတင်ပြင်ဆင်မှုအားကောင်းမှ ထိခိုက်မှုလျှော့ချနိုင်မည်ဖြစ်သည်။ အာရှတွင် ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးဒဏ်အခံရဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကြုံတွေ့နေရသည်ပင်။ ကြိုတင်ပြင်ဆင်မှုကောင်းစေရန် ဌာနများ၊ ကော်မတီများ၊ အစိုးရများ ချိတ်ဆက်မှုအားကောင်းဖို့ လိုသည်။ သို့မှသာထိခိုက်မှု လျော့ပါးသက်သာမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် သီးနှံအာမခံစနစ် ကျင့်သုံးနေပြီး ထိုင်း၊ ဗီယက်နမ်တို့တွင်လည်း အလားတူကျင့်သုံးနေသည်ကို တွေ့ရသည်။ သဘာဝဘေးများဖြစ်ပေါ်ခဲ့လျှင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း လုပ်သင့်သည်ဟု သုံးသပ်မိပါသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နှမ်းစပါး၊ မိုးစပါး၊ ပဲ၊ ဆီထွက်သီးနှံစီမံကိန်းများတွင်လည်း နိုင်ငံတော်အကြီးအကဲက သီးနှံအာမခံထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရှိရပါသည်။ နိုင်ငံတကာ အတွေ့အကြုံများ ရယူ၍ ကိုယ့်နိုင်ငံ၏ အခြေအနေအပေါ်မူတည်ပြီး Pilot အနေဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အစိုးရက အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များတွင် များစွာထိရောက်အကျိုးရှိမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက်**


- https://www.philstar.com/headlines/ 2023/07/24/2283356/self-rated-poor-families-45-percent-sws
- https://ap.fftc.org.tw/article/1056 (Agricu-ltural Insurance in the Philippines)
- Philippines Statistics Authority.(2019). Poverty Statistics Retrieved from https://psa.gov.ph/poverty-statistics
- Department of Agriculture.(n.d.). Comp-rehensive Agrarian Reform Program. Retrieved from https://www.da.gov.ph/carp/
- Department of Social Welfare and Develo-pment.(n.d.). About Us. Retrieved from https://www.dswd.gov.ph/about-us/
- International Rice Research Institute.(2018). Philippines: Masagana 99. Retrieved from https://irri.org/masagana-99
- Philippine Rural Development Project. (n.d.). About PRDP. Retrieved from https://prdp.da.gov.hp/about-prdp/
- https://countryeconomy.com/countries/compare/burma/philippines

# ၂၀၂၃ ခုနှစ် ဩဂုတ်လ (တတိယ) ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၂**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းမှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၆ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ မီလီမီတာမှ ၃၅ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၃၆ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတို့တွင် (စိုစွတ်) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## ကမ္ဘာသုံးအချက်ကျောစနစ်ဆိုင်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အသိအမှတ်ပြု ကိုယ်ပိုင်စံညွှန်းအချက် အကျောကတ်များ ထုတ်ပေးခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၂**

ကမ္ဘာသုံးအချက်ကျောစနစ် (World Handicap System) ဆိုင်ရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် အသိအမှတ်ပြု Handicap Index Cards (ကိုယ်ပိုင်စံညွှန်းအချက် အကျောကတ်များ) ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက်က ရန်ကုန်မြို့ (၉)မိုင် ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် တာဝန်ရှိသူများ၊ Handicap Index Card ထုတ်ယူမည့် မြန်မာဂေါက်သီးရိုက်အသင်း (ရန်ကုန်) နှင့် Myanmar Genuine Golfers အသင်း (နေပြည်တော်) မှ အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် World Handicap System ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက မြန်မာဂေါက်သီးရိုက်အသင်း Captain ဒေါက်တာချို့ထွန်းကို လည်းကောင်း၊ World Handicap System ဆပ်ကော်မတီဥက္ကဋ္ဌက Myanmar Genuine Golfers အသင်းတို့အား Handicap Index Cards များ ထုတ်ပေးသည်။ ထို့နောက် မြန်မာဂေါက်သီးရိုက်အသင်း Captain ဒေါက်တာချို့ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ကမ္ဘာသုံးအချက်ကျောစနစ် (WHS) ကို ၂၀၂၀ ပြည့်နှစ်မှစတင်ကာ ကမ္ဘာတစ်ဝန်း ကျင့်သုံးခဲ့ကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်အနေဖြင့်လည်း ကမ္ဘာသုံးအချက်ကျောစနစ် ဖြစ်မြောက်ရေး ဆပ်ကော်မတီဖွဲ့စည်းကာ မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး၊ ပြည်တွင်းရှိ ဂေါက်ကွင်းများ Course Rating, Slope Rating ကို စနစ်တကျတိုင်းတာသတ်မှတ်နိုင်ရေးအတွက် စိတ်ပါဝင်စားသော ဂေါက်ကွင်းများ၊ ဂေါက်အသင်းအဖွဲ့များနှင့် လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သည်။ အလားတူ ရန်ကုန်မြို့ရှိ Myanmar Golf Club (MGC) နှင့် နေပြည်တော်ရှိ Myanmar Genuine Golfers အသင်းတို့သည် အဖွဲ့ချုပ်နှင့် ချိတ်ဆက်ပူးပေါင်း၍ ကမ္ဘာသုံးအချက်ကျောစနစ် ကျင့်သုံးနိုင်ရန် တစ်နှစ်ခန့်မျှ စနစ်တကျ ကြိုးစားဆောင်ရွက်ခဲ့ရာ မြန်မာ့ဂေါက်သီးအားကစားသမိုင်းတွင် World Handicap System ကို ပထမဆုံးကျင့်သုံးနိုင်သည့် ဂေါက်ကလပ်နှင့် ဂေါက်သီးအသင်းအဖွဲ့အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ **ကိုညီလေး၊ ဓာတ်ပုံ-MGF**

## စက်တင်ဘာနိုင်ငံတကာရက်သတ္တပတ်အတွက် မြန်မာ့လက်ရွေးစင်အသင်း ရက်ပိုင်းအတွင်း လေ့ကျင့်ပြင်ဆင်မည်

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာနိုင်ငံတကာရက်သတ္တပတ်တွင် ယှဉ်ပြိုင်ကစားမည့် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ရက်ပိုင်းအတွင်း လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာ ခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားရသေးပြီး အောက်တိုဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နီပေါလက်ရွေးစင်အသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး စက်တင်ဘာ ၈ ရက်နှင့် ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လနှင့် ဇွန်လနိုင်ငံတကာ ရက်သတ္တပတ်များတွင် ခြေစမ်းပွဲများကစားထားပြီး ယခုစက်တင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ထပ်မံကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် အိန္ဒိယလက်ရွေးစင်အသင်း၊ ကာဂျစ္စတန်လက်ရွေးစင်အသင်း၊ ဇွန်လ နိုင်ငံတကာရက်သတ္တပတ်တွင် တရုတ်လက်ရွေးစင်အသင်း၊ မကာအိုလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအတွက် နှစ်ပတ်ဝန်းကျင်ရရှိမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက ကိုင်တွယ်မည်ဖြစ်သည်။ **ရဲရင့်လွင်**

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏**

## ၂၀၂၃ ခုနှစ် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၂**

၂၀၂၃ ခုနှစ် ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြုလုပ်မည့် ၂၀၂၃ ခုနှစ် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲ (Asia Junior Sports Exchange Games 2023) သို့ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် မြန်မာအားကစားအဖွဲ့သည် ယနေ့ည ၇ နာရီတွင် လေယာဉ်အမှတ် TG-304 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အားကစားအဖွဲ့တွင် အသင်းအုပ်ချုပ်သူ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် နည်းပြတစ်ဦး၊ စားပွဲတင်တင်းနစ် အားကစားနည်းမှ နည်းပြတစ်ဦး၊ အားကစားသမား ခြောက်ဦး၊ ကြက်တောင်အားကစားနည်းမှ နည်းပြနှစ်ဦး၊ အားကစားသမား ခြောက်ဦး၊ မသန်စွမ်း စားပွဲတင် တင်းနစ်အားကစားနည်းမှ နည်းပြတစ်ဦး၊ အားကစားသမားတစ်ဦးနှင့် မသန်စွမ်း ကြက်တောင်အားကစားနည်းမှ နည်းပြတစ်ဦး၊ အားကစားသမားတစ်ဦး စုစုပေါင်း ၂၁ ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။ **အားကာမောင်**



မြန်မာအားကစားအဖွဲ့အား ပို့ဆောင်နှုတ်ဆက်သူများနှင့် တွေ့ရစဉ်။

# တောမီးကြောင့် ဘေးဒဏ်သင့်ပြည်သူများအား သမ္မတဘိုင်ဒင်တွေ့ဆုံ

**မော်ဝီ ဩဂုတ် ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဟာဝိုင်ယီပြည်နယ်ရှိ မော်ဝီကျွန်းတွင် မကြာသေးမီက မီးဘေးဒဏ်သင့်သည့် ပြည်သူများအား သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဩဂုတ် ၈ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးခဲ့ပြီး တောမီးကြောင့် အဆိုပါဒေသမှာ ၈၅ ရာခိုင်နှုန်း ပျက်စီးမှုဖြစ်ပွားခဲ့သည်။ လက်ရှိအချိန်အထိ အတည်ပြုသေဆုံးသူ အရေအတွက်မှာ ၁၁၅ ဦးအထိရှိပြီး အခြားအများအပြားမှာ ပျောက်ဆုံးနေသေးကြောင်း တာဝန်ရှိသူများက ပြောသည်။

သမ္မတဘိုင်ဒင်သည် ဩဂုတ် ၂၁ ရက်က မော်ဝီကျွန်းသို့ ရောက်ရှိခဲ့ပြီး တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို မိနစ် ၂၀ ခန့်ကြာ ရဟတ်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မီးလောင်ပြင် လူနေရပ်ကွက်များအပြင် လာဟိုင်းနားမြို့ Front Street လမ်းပေါ်မှ မီးလောင်ခဲ့သော စားသောက်ဆိုင်များနှင့် ဈေးဆိုင်များ၏ အကြွင်းအကျန်များကို ကြည့်ရှုစစ်ဆေးပြီးနောက် ဖက်ဒရယ်အရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီက ထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်ပြီး သမ္မတဘိုင်ဒင်အား ရှင်းလင်းတင်ပြသည်။

သမ္မတဘိုင်ဒင်က တောင်မီးလောင်ကျွမ်းဒဏ်ခံရသည့် ဒေသခံများအပါအဝင် ပြည်သူ ၄၀၀ ခန့်နှင့် တွေ့ဆုံခဲ့ပြီးနောက် မော်ဝီကို ဒေသခံများလိုလားသည့် ပုံစံဖြင့် ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောသည်။ **အင်န်အိတ်ချ်ကေ**



# အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်၌ ရေကြီးရေလျှံမှုများကြောင့် ငါးဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဩဂုတ် ၂၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်၌ ရေကြီးရေလျှံမှုများကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရာရှိများက ဩဂုတ် ၂၂ ရက်တွင် ပြောသည်။

ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း သေဆုံးသူများသည် ကာပါလ်သာလာနှင့် ဖာဇီကာဒေတို့မှဖြစ်သည်။

ဆည်များမှ ရေများစီးဆင်းမှုကြောင့် အနိမ့်ပိုင်းဒေသများ၌ ရေများဖုံးလွှမ်းသွားသည်။ မြစ်ရေလျှံခြင်းနှင့် ဆည်များမှ ခြောက်ရက်မြောက်နေ့အဖြစ် ရေများဖွင့်ချလိုက်သောကြောင့် လယ်ယာမြေဧကပေါင်း ထောင်ချီ ရေနစ်မြုပ်လျက်ရှိသည်။

အိမ်နီးချင်း ဟီမာချယ်ပရာဒက်ရှ်ပြည်နယ်ရှိ ဘာခရာနှင့် ပွန်ဆည်များမှ ရေဖွင့်ချလိုက်သောကြောင့် ပန်ဂျပ်တွင် ရေကြီးရေလျှံဖြစ်မှုများမှာ အခြေအနေပိုဆိုးလျက်ရှိသည်။

ပန်ဂျပ်ပြည်နယ် ဒေသခုနစ်ခုရှိ လူပေါင်း ၇၀၀၀၀ ကျော်ရေဘေးဒုက္ခ ခံစားရလျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်က ဟီမာချယ်ပရာဒက်ရှ် ပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ခြင်း၊ အိမ်များပြိုကျခြင်း၊ မြေပြိုခြင်း၊ မိုးသီးကြွေခြင်းတို့ ဖြစ်ပွားသောကြောင့် လူ ၇၀ ကျော် သေဆုံးခဲ့သည်။ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ပြည်နယ်အတွင်း ဆည်များ၏ ရေမျက်နှာပြင် မြင့်တက်လာခဲ့သည်။

ရေဘေးဒုက္ခ ခံစားနေရသော ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု တုံ့ပြန်ရေးအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ နယ်စပ်တပ်ဖွဲ့များကို သက်ဆိုင်ရာအာဏာပိုင်များက ဖြန့်ကြက်ချထားသည်။ **ဆင်ဟွာ**





# ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ပြုပြင်ထားသည့်ရေ စွန့်ထုတ်မည့်ရက် ဂျပန်သတ်မှတ်

**တိုကျို ဩဂုတ် ၂၂**

ဂျပန်အစိုးရသည် ဖူကူရှီးမားဒိုင်အိချိနျူကလီးယားဓာတ်အားပေးစက်ရုံမှ ပြုပြင်ပြီး ရေရောထားသည့် ရေများကို သမုဒ္ဒရာထဲသို့ စတင်စွန့်ထုတ်မည့် အချိန်ကို သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို အစောဆုံး ဩဂုတ် ၂၄ ရက်တွင် လုပ်ဆောင်သွားမည်ဖြစ်သည်။ ဩဂုတ် ၂၂ ရက်က ပြုလုပ်သော အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက အဆိုပါ အစီအစဉ်နှင့်ပတ်သက်ပြီး ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းက ရာသီဥတုနှင့် ပင်လယ်ပြင် အခြေအနေမှာ ပြဿနာတစ်စုံတစ်ရာမရှိပါက အဆိုပါရေများ စွန့်ထုတ်မှုကို ဩဂုတ် ၂၄ ရက်တွင် လုပ်ဆောင်သွားဖွယ်ရှိကြောင်း၊ နောင်ဆယ်စုနှစ်များစွာ မည်မျှပင်ကြာစေကာမူ ပြဿနာမရှိဘဲ ပြုပြင်ထားသောရေများ စွန့်ထုတ်မှုပြီးစီးမည့် အချိန်အထိ တာဝန်ယူသွားမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါ လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး ဖူကူရှီးမားတွင် တုံ့ပြန်မှုများ ရောထွေးနေကြောင်း သိရသည်။ စိတ်ခံစားမှုပိုင်းဆိုင်ရာရှုထောင့်မှ ကြည့်လျှင် ဘေးကင်းလုံခြုံမှုရှိကြောင်း ခံစားရမှုမှာ ခက်ခဲကြောင်း ဒေသခံတစ်ဦးက ပြောသည်။ ထို့ပြင် အခြားဒေသခံတစ်ဦးက ရေများသည် များပြားလာကြောင်း၊ တစ်နည်းနည်းဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ဘေးကင်းလုံခြုံမှုစံချိန်စံညွှန်းများက ခိုင်မာမှုရှိပြီး အန္တရာယ်မရှိဘူးဆိုလျှင် အခြားရွေးချယ်စရာ မရှိကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**



# မိုးခေါင်ရေရှားမှုကြောင့် သီရိလင်္ကာနိုင်ငံသား ၂၅၀၀၀၀ နီးပါး သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိ

**ကိုလံဘို ဩဂုတ် ၂၂**

မိုးခေါင်ရေရှားမှုကြောင့် သီရိလင်္ကာနိုင်ငံသား ၂၅၀၀၀၀ နီးပါး သောက်သုံးရေ ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သီရိလင်္ကာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးစင်တာ (ဒီအမ်စီ) က ဩဂုတ် ၂၂ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များသည် အဆိုးဆုံး သောက်သုံးရေပြတ်လပ်မှုကို ရင်ဆိုင်နေရကြောင်း ဒီအမ်စီက ၎င်း၏နောက်ဆုံး အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစောပိုင်းတွင် သီရိလင်္ကာအမျိုးသား ရေပေးဝေရေးနှင့် ရေနုတ်မြောင်းဘုတ်အဖွဲ့ (အင်န်ဒဗလျူအက်စ်ဒီဘီ) က ၎င်းတို့အနေဖြင့် သန့်စင်သော ရေသန့်ပေးဝေနိုင်မှု ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားသောကြောင့် ပြည်သူများကို ရေချွေတာသုံးစွဲကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

သီရိလင်္ကာနိုင်ငံရှိ သာမန်ရေအသုံးပြုသူ တစ်ဦးသည် ရေပိုက်ဖြင့်သွယ်တန်းထားသည့် ပိုက်ရေကို တစ်နေ့လျှင် လီတာ ၁၂၀ ခန့် အသုံးပြုသော်လည်း ချက်ပြုတ်ရန်နှင့် သောက်သုံးရန်အတွက် လီတာ ၄၀ သာ လိုအပ်ကြောင်း အင်န်ဒဗလျူအက်စ်ဒီဘီ အထွေထွေမန်နေဂျာ ဝါဆန်သာ အီလန်ဂါဆင်ဟဲက လွန်ခဲ့သော သီတင်းပတ်က သတင်းထောက်များကို ပြောခဲ့သည်။ မိုးလေဝသဌာနက အောက်တိုဘာလအထိ နောက်ထပ် မိုးရွာမည့် အရိပ်အယောင် မတွေ့ရသေးကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**



## မြစ်ကမ်းပါးပြိုမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် နေအိမ်များမှ မိသားစုဝင်များအား ကွင်းဆင်းထောက်ပံ့

မအူပင် ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မြစ်ကမ်းပါးပြိုမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် နေအိမ်များမှ မိသားစုဝင်များအား ကွင်းဆင်းထောက်ပံ့ ပေးအပ်ခြင်းကို ဩဂုတ် ၂၁ ရက်က ဆောင်ရွက်ခဲ့သည်။

ပန်းတနော်မြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ကမ်းပါးပြိုမှုကြောင့် မြစ်ကမ်းနှင့်နီးသော တောကျောင်းကျေးရွာအုပ်စု ကျောင်းတော်ကလေးကျေးရွာနှင့် နံကပ်ရိုးကျေးရွာတို့တွင် ဩဂုတ် ၁၉ ရက်က ဖြစ်ပွားခဲ့သော ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် နေအိမ် ၁၄ လုံး၊ အိမ်ထောင်စု ၁၄ စုမှ လူဦးရေ ၆၅ ဦးအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆန်ရိက္ခာ ခုနစ်ရက်စာဖိုးငွေကျပ် ၁၃၆၅၀၀၀၊ အိမ်ထောင်စုပစ္စည်းဖိုးရန်ပုံငွေကျပ် ၁၄၀၀၀၀၀ စုစုပေါင်းကယ်ဆယ်ရေးရန်ပုံငွေကျပ် ၁၅၃၆၅၀၀၀ တို့ကို ပေးအပ်ထောက်ပံ့သည်။ အလားတူ ဘဝိုင်းကျေးရွာအုပ်စု မြင်းကဒေါင်ကျေးရွာတွင် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် နေအိမ်နှစ်လုံးအား ဆက်လက်ကွင်းဆင်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းထောက်ပံ့ရာသို့ ပန်းတနော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မအူပင်ခရိုင် ဦးစီးမှူး ဦးဟန်လင်းထွဋ်နှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ ကွင်းဆင်းထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၂၂

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြေနိမ့်ပိုင်းကျေးရွာအချို့ မြစ်ရေများ စတင်ဝင်ရောက်

မင်းဘူး ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ရေဝင်ရောက်မှုများကြောင့် ဧရာတီမြစ်ကမ်းဘေးရှိ မြေနိမ့်ပိုင်းကျေးရွာအချို့တွင် မြစ်ရေများ စတင်ဝင်ရောက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန်းကျိုးကျေးရွာ



အုပ်စု ထုံမကြီးကျေးရွာမှ အိမ်ထောင်စုပေါင်း ၆၀၊ လူဦးရေ ၁၁၀ နှင့် ကျွဲ၊ နွားတိရစ္ဆာန်များကို ရေဘေးလွတ်ရာ ကျောက်ကုန်းနှင့် သံကန်တန်း(၇) နေရာများတွင်လည်းကောင်း၊ ထောက်ရာပင်ကျေးရွာအုပ်စု တပင်ရွာမှ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၃၅ ဦးအား နီးစပ်ရာဆွေမျိုးများနေအိမ်တွင်လည်းကောင်း ယာယီပြောင်းရွှေ့ပေးထားသည်။

ထို့ပြင် မြစ်ရေဝင်ရောက်မှုကြောင့် ထုံမကြီးကျေးရွာမှ အခြေခံပညာမူလတန်းကျောင်းနှင့် နိဗ္ဗာန်ကျွန်းကျေးရွာမှ အခြေခံပညာအလယ်တန်းကျောင်းများကို မြစ်ရေကျသည့်အချိန်ထိ ယာယီပိတ်ထားရကြောင်း၊ ယခု မြစ်ရေဝင်ရောက်သည့်ဒေသများမှာ ဧရာဝတီမြစ်ကမ်းဘေးရှိ မြေနိမ့်ပိုင်းဒေသများဖြစ်၍ နှစ်စဉ်မြစ်ရေတက်ချိန် ဧရာဝတီမြစ်ရေမှတ် ၁၅၀၀ စင်တီမီတာနှင့်အထက်သို့ ရောက်ရှိလာပါက မြစ်ရေပုံမှန်ဝင်ရောက်လေ့ရှိသည့်ဒေသများဖြစ်ကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ် စိုးရိမ်ရေမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့ ဧရာဝတီမြစ်ရေမှတ်သည် ၁၅၂၇ စင်တီမီတာသို့ရောက်ရှိနေကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စု မြေနိမ့်ပိုင်းအိမ်ခြေများ ဧရာဝတီမြစ်ရေစတင်ဝင်ရောက်

ပန်းတောင်း ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာ ခတ္တိယအနိမ့်ပိုင်းတွင် ဧရာဝတီမြစ်ရေတက်ရောက်မှုကြောင့် မြေနိမ့်ပိုင်းအိမ်ခြေများ ဩဂုတ် ၂၁ ရက်က ရေစတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထုံးဘိုကျေးရွာ ခတ္တိယမြေအနိမ့်ပိုင်းတွင် အိမ်ခြေ ၂၂ လုံးတွင် အမျိုးသား ၄၀၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၇၇ ဦး နေထိုင်လျက်ရှိပြီး ရေဝင်ရောက်ခြင်းမှာ စိုးရိမ်ရသည့်အခြေအနေမရှိသေးကြောင်း သိရသည်။ ဆက်လက်၍ ဧရာဝတီမြစ်ရေ ဝင်ရောက်လာပါက အိမ်ထောင်စုများအား မြသိန်းတန်ဘုရားတွင် ပြင်ဆင်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် စာသင်ကျောင်းခြောက်ကျောင်း ယာယီပိတ်ထားရ

ပွင့်ဖြူ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အခြေခံပညာစာသင်ကျောင်း ခြောက်ကျောင်းတွင် မြစ်ရေများ ဝင်ရောက်ခဲ့သဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းစေရန်အတွက် ဩဂုတ် ၁၈ ရက်ကစပြီး ယာယီပိတ်ထားခဲ့ရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများမှာ သံကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဇီးကျွန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၊ ကံလှကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျွဲတိကျေးရွာအုပ်စုရှိ ကူကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ဖြစ်ပြီး မြစ်ရေပြန်လည်ကျဆင်းသည်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ကျောင်းပြန်လည်ဖွင့်ချိန်တွင် စာသင်ရက်များ အစားထိုး၍ စနစ်တကျ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ညွှန့်ညွှန့်ဌေးထံမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## ကံမမြို့၌ ဧရာဝတီမြစ်ရေဝင် နစ်မြုပ်သည့် အိမ်ထောင်စုများအား ဘေးလွတ်ရာရွှေ့ပြောင်း

ကံမ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်များ၌ ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ဧရာဝတီမြစ်ရေ ထပ်မံမြင့်တက် ဝင်ရောက်လာသဖြင့် မြစ်ကမ်းဘေးတစ်လျှောက်တွင် နေထိုင်သည့် အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၂၃ ဦးတို့ကို ရေလွတ်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။

ထိုသို့ အိမ်ထောင်စုများ ရွှေ့ပြောင်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးနှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# ရွှေလီ လျှပ်စစ်မီး ပြတ်တောက်ရခြင်းအကြောင်း . . .

သတင်းဆောင်းပါး - အယ်လ်စိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်း အသုံးပြုနေသော လျှပ်စစ်မီး (ရွှေလီ စက်ရုံ) သည် ၂၀-၈-၂၀၂၃ ရက်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်မှ ၂၂-၈-၂၀၂၃ ရက်နေ့ ည ၈ နာရီခွဲအထိ သုံးရက်ကြာ နာရီပေါင်း ၆၂ နာရီ မိနစ် ၃၀ ပြတ်တောက်နေပြီး အဆိုပါ လျှပ်စစ်မီးပြတ်တောက်မှုတွင် မူဆယ်မြို့နယ် (မန့်ဟီးရိုးမြို့၊ ပန်ဆိုင်း(ကြူကုတ်)မြို့)နှင့် နမ့်ခမ်းမြို့နယ်တို့ ပါဝင်ပါသည်။

**ရေရှည်တည်တံ့စေရန် ထိန်းသိမ်းပြုပြင်**

လျှပ်စစ်မီး(ရွှေလီ) သုံးရက်ပြတ်တောက်ရသည်မှာ မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့သို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ရွှေလီ (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ၁၀၀ မဂ္ဂါဝပ် အင်အား စက်ခြောက်လုံးကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသောကြောင့် ဖြစ်ပါသည်။ သုံးရက်ကြာ ဓာတ်အားပိတ်ပြီး Main Transformer ကို စစ်ဆေးပြုပြင်ခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာကြံ့ခိုင်ရေး ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပါသည်။

ထိုရွှေလီ (၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာရှိ မန်တပ်ကျေးရွာအနီးတွင် စီးဆင်းနေသော ရွှေလီမြစ်ပေါ်၌ ရေထိန်းတမံ တည်ဆောက်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိသလောက် အနည်းဆုံးဖြစ်အောင် မြစ်ရေစီးကြောင်းစနစ် ( Run- Of- River- Type) ဖြင့် တည်ဆောက်ထားသည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတစ်ရုံ ဖြစ်ပါသည်။



ရွှေလီ (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ။

**၆၀၀ မဂ္ဂါဝပ်ဖြင့် ဓာတ်အားထုတ်လွှတ်ပေးလျက်ရှိ**

ရွှေလီ(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ၂၀၀၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာလမှ စတင်၍ ဓာတ်အားထုတ်လုပ်နိုင်ခဲ့ပါသည်။ စက်ရုံအတွင်းတွင် စက်တပ်ဆင်အင်အား ၁၀၀ မဂ္ဂါဝပ် ခြောက်လုံးဖြင့် စက်တပ်ဆင်အင်အား ၆၀၀ မဂ္ဂါဝပ်ဖြင့် ဓာတ်အားထုတ်လွှတ်ပေးလျက်ရှိပါသည်။

ရွှေလီ(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော ဓာတ်အားများကို ရွှေလီ-မန်စံ ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း၊ ရွှေလီ-တကောင်းနီကယ် ၂၂၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း၊ ရွှေလီ - နမ့်ခမ်း - မူဆယ် ၆၆ ကေဗွီ ဓာတ်အားလိုင်း၊ တရုတ်နိုင်ငံသို့ ရွှေလီ - ဟန်နုန်း ၂၂၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းများဖြင့် ဓာတ်အားထုတ်လွှတ်ပေးလျက်ရှိပါသည်။

**ဓာတ်အားပေးပို့ ဖြန့်ဖြူးပေးနေ**

ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ဓာတ်အားပေးစက် ၁၀၀ မဂ္ဂါဝပ် ခြောက်လုံးရှိသည့်အနက် ဓာတ်အားပေးစက် မဂ္ဂါဝပ်လေးလုံးမှ ၄၀၀ မဂ္ဂါဝပ်ကို မြန်မာ့ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ မန်စံဓာတ်အားခွဲရုံ၊ နမ့်ခမ်းဓာတ်အားခွဲရုံ၊ မူဆယ်ဓာတ်အားခွဲရုံတို့သို့ ဓာတ်အားပေးပို့ ထုတ်လုပ်လျက်ရှိပြီး ဓာတ်အားပေးစက် မဂ္ဂါဝပ်နှစ်လုံးမှ ၂၀၀ မဂ္ဂါဝပ်ကို တရုတ်နိုင်ငံ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ မြန်မာနိုင်ငံအတွင်းရှိ တကောင်းနီကယ်စက်ရုံနှင့် တရုတ်နိုင်ငံရှိ ဟန်နုန်းဓာတ်အားခွဲရုံတို့သို့ ဓာတ်အားပေးပို့ ဖြန့်ဖြူးပေးနေပါသည်။

**■ ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာလမှစတင်၍ ဓာတ်အားထုတ်လုပ်နိုင်ခဲ့ပါသည်။ စက်ရုံအတွင်းတွင် စက်တပ်ဆင်အင်အား ၁၀၀ မဂ္ဂါဝပ် ခြောက်လုံးဖြင့် စက်တပ်ဆင်အင်အား ၆၀၀ မဂ္ဂါဝပ်ဖြင့် ဓာတ်အားထုတ်လွှတ်ပေးလျက်ရှိ**

ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်များ မောင်းနှင်ခြင်းကို မြန်မာအင်ဂျင်နီယာများနှင့် တရုတ်နိုင်ငံအင်ဂျင်နီယာများ ပူးပေါင်းထိန်းချုပ်မောင်းနှင်လျက်ရှိသလို ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းများကိုလည်း ပြုပြင်ရန်လိုအပ်သည့် အခြေအနေအပေါ်မူတည်၍ ထိန်းသိမ်းပြုပြင်မှုများကို အဆင့်အတန်းများခွဲခြားကာ စိစစ်ပြီး နှစ်စဉ်စစ်ဆေးပြုပြင်ပေးလျက်ရှိပါသည်။

ယခုအခါ ရွှေလီ(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ထိန်းသိမ်းပြုပြင်မှုအဆင့်အတန်းမြင့်မားမည်ဖြစ်သဖြင့် လျှပ်စစ်မီး (ရွှေလီ) ဓာတ်အားကို သုံးရက်ပိတ်၍ ထိန်းသိမ်းပြုပြင် ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံအတွက် ဝင်ငွေခွန်များလျော့နည်း**

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားဖြင့် ကုန်ထုတ်စွမ်းအားအသုံးပြုသူများ များပြားပြီး မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့တွင်လည်း ကုန်ထုတ်စွမ်းအား အသုံးပြုသူများစွာ ရှိနိုင်ပါသည်။ ထိုကုန်ထုတ်စွမ်းအားလုပ်ငန်းများ အသုံးပြုသည့် လျှပ်စစ်ဓာတ်အားခအတွက် မီတာတစ်လုံးလျှင် တစ်ရက်ငွေကျပ် ၁၀၀၀ နှုန်း ကောက်ခံမည်ဆိုပါက နိုင်ငံတော်အတွက် ဝင်ငွေခွန်များစွာ ရရှိနိုင်သော်လည်း ယခုလို လျှပ်စစ်ဓာတ်အားပြတ်တောက်သည့်အတွက် ကုန်ထုတ်စွမ်းအားများမှ ရရှိနိုင်သည့် နိုင်ငံအတွက် ဝင်ငွေခွန်များ လျော့နည်းသွားမည်ဖြစ်ပါသည်။

သို့ရာတွင် နိုင်ငံအတွက် ဝင်ငွေခွန်များ လျော့နည်းသွားသော်လည်း နိုင်ငံခြားငွေဖြင့် ဝယ်ယူတည်ဆောက်ထားသည့် ဓာတ်အားပေးစက်များ ရေရှည်တည်တံ့ ကောင်းမွန်စေရန်အတွက် ဓာတ်အားများ ဖြတ်တောက်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## အုတ်တွင်းမြို့နယ်အတွင်း ဆန်စပါးကြိတ်ခွဲနေမှု တာဝန်ရှိသူများစစ်ဆေး

**အုတ်တွင်း ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှု၊ ဆန်ကြိတ်ခွဲလည်ပတ်နေမှုနှင့် အထက(ခွဲ) နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုအခြေအနေများကို ဩဂုတ် ၂၁ ရက်က တာဝန်ရှိသူများ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီတို့က အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင် ကျေးရွာအုပ်စုရှိ တောင်သူ ဦးစိုးလေး၏ မိုးစပါးGW-11 ဧက ၂၀ စိုက်ပျိုးထားရှိမှု အခြေအနေ၊ နတ်စင်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ဦးတင်အုန်း၏ မိုးစပါးထိုင်းနံ့ကောက် ၁၅ ဧက စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း၊ ကြက်သွန်းခင်း (၁)ရပ်ကွက်ရှိ ဦးတရုတ်ကြီးဆန်စက်မှ ဆန်ကြိတ်ခွဲ လည်ပတ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ဟင်းငုတ်ပင် အထက(ခွဲ) နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး အဆိုပါကျောင်းကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်ဆောက်လုပ်ခဲ့ပြီး ယခုအချိန်ထိ ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော**

**(ပြန်/ဆက်)**



ထင်သာမြင်သာ ပြုပြင်စရာ

# မြို့လယ်ကောင်တွင် ရှိနေသော စုပေါင်းကားဂိတ် ပြောင်းရွှေ့ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့လယ်ကောင်ရှိ စုပေါင်းကားဂိတ်သည် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းမကြီးပေါ်တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ စုပေါင်းကားဂိတ်နေရာတွင် လူစီးမှန်လုံယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်များ၊ ၂ ဘီးတပ်ဆီဘောက်ဆာယာဉ်များ ဖြတ်သွားခြင်း၊ ရပ်နားပြီး ခရီးသည်အတင်အချပြုလုပ်ခြင်းများ ဆောင်ရွက်နေပါသဖြင့် လမ်းသွား၊ လမ်းလာပြည်သူများနှင့် ကျောင်းသွား၊ ကျောင်းလာ ကျောင်းသူ၊ ကျောင်းသားများအတွက် ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း မြို့ခံတစ်ဦးက ပြောသည်။ အဆိုပါ စုပေါင်းကားဂိတ်နေရာသည် အင်းတော်မြို့လယ်ရှိ မူလတန်းကျောင်းနှင့် နီးကပ်နေပြီး အစုန်၊ အဆန် လူစီးမှန်လုံယာဉ်များရပ်နားခြင်း၊ ကုန်တင်ယာဉ်နှင့် ဆီဘောက်ဆာယာဉ်များ နေ့စဉ်ယာဉ်စီးရေ ၃၀၀ ကျော် ဖြတ်သန်းသွားလာနေသဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

သို့ဖြစ်ပါ၍ ရွှေဘို-မြစ်ကြီးနား သွားကားလမ်း အင်းတော်မြို့လယ်ကောင်ရှိ စုပေါင်းကားဂိတ်နေရာကို ယာဉ်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက သင့်တော်သောနေရာတွင် ပြောင်းရွှေ့ဖွင့်လှစ်သင့်ကြောင်း “ထင်သာ မြင်သာ ပြုပြင်စရာ” ကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။

**အင်းတော်မောင်**





# မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၁၈ ရက် က နွားကူးကြီးကျေးရွာအုပ်စု ရေအေးဆိပ်ကျေးရွာ၌ ကျင်းပရာ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် ဌာနဆိုင်ရာများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းကို ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းအဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၂၀ ရက်က မြို့နယ်သမဝါယမအသင်းရုံး၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးဒေါ်ဥမ္မာမြင့် အမှာစကားပြောကြားစဉ်။

အာကာလင်း

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းအား မီးရှို့ဖျက်ဆီး၊ ကူညီရေးအသင်းယာဉ်အား အဝေးထိန်းမိုင်းများဖြင့် ဖောက်ခွဲသည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ လူသတ်၊ ဓားပြတိုက်ရာမှ ကိုယ်ဝန်ဆောင်မိခင်ကိုပါ သတ်ဖြတ်မိပြီး လက်လွန်ကာမှ ဖုံးမရတဲ့ဖြစ်ရပ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

“ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။”

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦးတွေ့ရှိ

(၂၂-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၃၅ ကျပ် | ၂၅၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၅၀ ကျပ် | ၂၃၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၃၉၃ | ၃၆၅၄၉၀၀ |
| MTSH | ၃၂၅၀ | ၃၂၀၀ | ၄၅၅၂ | ၁၄၇၁၄၂၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃၉ | ၃၁၂၀၀၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၂၀၆၉ | ၃၄၁၄၅၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၀ | ၂၄၅၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၁၅၀၀ | ၃၄၅၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂ | ၉၈၀၀ |
| MAEPC | ၁၉၅၀ | ၂၀၀၀ | ၁၃၈၂၂ | ၂၇၅၅၀၅၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ပဲခူးမြို့၊ ကမ္ဘောဇသာဒီနန်းတော်ရာ Historical Park အဖြစ်အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း ဆောင်ရွက်ရန် Expression of Interest (EOI)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံအုပ်ချုပ်မှုအောက်ရှိ ပဲခူးမြို့၊ ကမ္ဘောဇသာဒီ နန်းတော်ရာအား ပြည်တွင်းပြည်ပ ဧည့်သည်များအဆင်ပြေချောမွေ့စွာ လာရောက်လေ့လာလည်ပတ်နိုင်ရန်အတွက် Historical Park အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထား စောင့်ရှောက်နိုင်စေရန်အတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အောက်ပါအချက်အလက်များ ဖော်ပြလျက် Expression of Interest (EOI) တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) စီမံကိန်းတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း တိကျသေချာစွာ ဖော်ပြထားသည့် စိတ်ဝင်စားသူ/ကုမ္ပဏီ၏ တင်ပြစာ။

(ခ) စိတ်ဝင်စားသူ/ကုမ္ပဏီ၏ ကိုယ်ရေးရာဇဝင် အချက်အလက်များ၊

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်မှုအထောက်အထားများ၊

(ဃ) လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့်ဖိတ်ခေါ်သည့် လုပ်ငန်းနှင့် သက်ဆိုင်သောအတွေ့အကြုံများ၊

(င) ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် ခန့်မှန်းကုန်ကျငွေများ။

၂။ Expression of Interest (EOI)၊ ရယူခြင်း၊ တင်သွင်းခြင်း၊ စိစစ်ရွေးချယ်ခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **EOI ပုံစံစတင်ရယူနိုင်သည့် နေ့ရက်** - ၂၄-၈-၂၀၂၃ရက်

(ခ) **EOI ပုံစံရယူနိုင်/ပေးပို့နိုင်သည့် နေရာ** - hantharwaddy.arch@gmail.com သို့မဟုတ် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးဌာနခွဲ၊ ပဲခူးမြို့

(ဂ) **EOI ပုံစံပိတ်မည့် ရက်နှင့်အချိန်** - ၆-၉-၂၀၂၃ရက် (ညနေ ၃နာရီတိတိ)

(ဃ) **EOI ပုံစံပြန်လည်တင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန်** - ၈-၉-၂၀၂၃ရက် (မွန်းလွဲ ၁နာရီတိတိ)

(င) **EOI ပုံစံဖွင့်ဖောက်စိစစ်မည့် နေ့ရက်/အချိန်နှင့်နေရာ** နေ့ရက်၊ အချိန်နှင့် နေရာအား သက်ဆိုင်သူများထံ အချိန်မီပြန်လည် အကြောင်းကြားပေးပါမည်။

၃။ EOI ပုံစံ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးဌာနခွဲသို့ ရုံးချိန်အတွင်း လာရောက်၍လည်းကောင်း၊ ရုံးဖုန်းနံပါတ်-၀၉-၄၃၀၁၉၁၆၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ Expression of Interest(EOI)

**စိစစ်ရွေးချယ်ရေးကော်မတီ**

## ဘိုးဘပိုင်မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ကညံ့ရပ်ကွက်၊ အကွက်အမှတ် (၅၄)၊ အကွက်အမည် ကညံ့အကွက်၊ ဦးပိုင်အမှတ် (၁၁၆) မြေ ဧရိယာ (၀.၀၆၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ် (၁၁၇)

(ခ) အနောက်လားသော် - ဦးပိုင်အမှတ် (၁၁၅)

(ဂ) တောင်လားသော် - တိုက်သစ်ကျောင်းလမ်း

(ဃ) မြောက်လားသော် - ဦးပိုင်အမှတ် (၁၁၀)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း)ပေးရန် ဒေါ်စန်းစန်းအေးပါ (၆)ဦးမှ လျှောက်ထား လာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ နှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-ပြင်၊ ဦးပိုင်အမှတ် (N-182)အတွင်းမှ ပေ ၄၀ x ပေ ၁၀၀ အကျယ်အဝန်းရှိ ယာမြေအား လုပ်ပိုင်ခွင့်ရရှိထားသူ ဒေါ်မေရီမြင့်၊ ဦးမောင်မောင်လွင်၊ ဒေါ်ခင်မျိုးသက်ထံမှ အဆင့်ဆင့်ဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာဦး ၁၂/ကတန(နိုင်) ၁၁၆၈၃၉က လွှဲပြောင်းဝယ်ယူပြီး (အရပ်ကတိစာချုပ်ဖြင့်)စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်သန္တာဦး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း(LL.B) ဦးနိုင်သူရဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**အခန်းအမှတ်(၁၃)၊ မြေတိုင်းတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၄၉၉၀၀၁၅၅၊ ၀၉-၇၉၅၃၆၁၉၂၆**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ကျောက်တံခါးမြို့နယ်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် (၅၅)

ဒေါ်ခင်အိအိစိုး **နှင့်** ၁။ ဦးမြင့်သန်း(ခ)အာစရိ
၂။ ဒေါ်ခင်စန်းဝေ (အတူနေလင်မယား)

**တရားလို** **တရားပြိုင်များ**

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ မဲဇလန်ကျေးရွာ အုပ်စုရွာလေးကုန်းကျေးရွာတွင် နေထိုင်ကြသူ ဦးမြင့်သန်း(ခ)အာစရိ (ဘ)ဦးတင်ဝင်းနှင့် ဒေါ်ခင်စန်းဝေ (ဘ)ဦးအောင်စိုး လင်မယား(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်အိအိစိုးက ကြွက်ပေါက်များ အစာနှင့်ဆေးဝါးများရောင်းချထားသည့်ငွေ ၆၅၀၉၅၇၃/-(ခြောက်ဆယ့်ငါးသိန်း ကိုးထောင့်ငါးရာခုနစ်ဆယ့်သုံးကျပ်တိတိ)ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်(၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်တို့ခုခံ ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးပို့ရမည်။ သင်တို့ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်ဘိုထက်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ကျောက်တံခါးမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ် အထက(ဇီးကုန်း)Grade-9(B)မှ မအိမေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်မောင်မောင်သွင် ၇/ဇကန(နိုင်)၀၄၀၉၁၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း မြို့နယ်၊ ခမုံဆိပ် အထက Grade-9 (A)မှ မမေသကြ်န်နှင့် Grade-7 မှ မခိုင်ဇင်ဝေတို့၏ ဖခင် အမည်မှန်မှာ ဦးတင်ထွေး ဖြစ်ပါကြောင်း။

**ဦးတင်ထွေး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၇၃(က)၊ ကဘင်းကွင်း၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ ၁၁၁မ ၈၃ ဧကအား မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ၂၀-၁-၂၀၂၃ရက်စွဲပါ စာအမှတ် ၂၀၄/၁/၄-၁၁/ခစဖ (မြိတ်)အရ ဦးတင်အောင် အမည်ဖြင့် ယာယီမြေနေရာ ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးတင်အောင် ၆/ပလန(နိုင်)၀၁၈၆၃၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွင်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၉)၊ (၂)ခန်း တွဲ RC (၆)ထပ်တိုက်အဆောက်အအုံ၏ (စတုတ္ထထပ်)၊ (၅-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်အခန်း)၊ ဧရိယာ (၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ယုယလွင် ၁၂/ဗဟန(နိုင်)၀၉၆၁၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ငွေးမြင့်စံ ၁၄/မမက(နိုင်)၁၈၅၉၃၈က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငွေးမြင့်စံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

### (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၂၀ ပြည့်နှစ်၊ တရားမ အယူခံမှုအမှတ် -၄၉၃

ဦးစိန်ဝင်း **နှင့်** ဦးချစ်အေး ပါ ၅

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်မှ ၂၀၁၉ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၃ ကို အယူခံမှု။

အယူခံတရားပြိုင် (၁) ဦးချစ်အေး (၂) ဦးစိန်မင်း (၃) ဦးဖိုးစုံ လယ်တီးကျေးရွာ၊ လယ်တီးကျေးရွာအုပ်စု၊ တန့်ဆည်မြို့ နယ်၊ အယူခံတရားပြိုင်အမှတ် (၄) ဦးနန္ဒောဘာသ (၅) ဦးတေဇနန္ဒ၊ ဝါဆိုကျောင်းတိုက်၊ လယ်တီးကျေးရွာ၊ လယ်တီးကျေး ရွာအုပ်စု၊ တန့်ဆည်မြို့နယ် (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိ)နေတို့ သိစေရမည်။

ယခုအမှုတွင် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ရက်နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နောင်ဝင်း ၁၄/ကခန(နိုင်)၀၈၂၂၉၃နှင့် ဒေါ်ဖြိုးဖြိုးသိန်း ၇/ပခန(နိုင်) ၂၅၉၂၇၈တို့သည် စိတ်သဘောထား မတိုက်ဆိုင်ကြတော့သဖြင့် (၁၅-၈-၂၀၂၃)ရက်တွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ရာ ကျွန်ုပ်မိတ်ဆွေအနေဖြင့် နှစ်ဦးပိုင်ပစ္စည်းများဖြစ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာ(၆)လမ်း၊ အမှတ် (၂၂၉)ရှိ အကျယ်(၁၀x၆၀)ပေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဖြိုးဖြိုးသိန်းထံသို့ တရားဝင် စာချုပ်စာတမ်းပြုလုပ်ကာ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါနှစ်ဦးပိုင်ပစ္စည်းများမှာ ကျွန်ုပ်မိတ်ဆွေနှင့်လုံးဝပတ်သက်သက်ဆိုင်မှု မရှိတော့ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်ဖြိုးဖြိုးသိန်းတို့မှာ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိကြတော့ပါကြောင်းနှင့် ဒေါ်ဖြိုးဖြိုးသိန်း၏ ကိစ္စအဝဝတို့ ကိုကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်နောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၄၁)**
**အမှတ်(၃၈၆)၊ ဗဟိုလမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၇၈၀၉**

## အမွေစား၊ အမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ (၆၃- အေ)လမ်း၊ (၃၇အေ x ၃၈)လမ်းကြား၊ အိမ်အမှတ်-ဒ-၃/၄၀နေ ဦးမောင်မောင်ထွန်း ၈/ငဖန(နိုင်)၀၁၂၄၈၇ နှင့် ဒေါ်ခင်စန်းတင့် ၁၃/ပတယ(နိုင်)၀၀၁၃၇၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည် ဦးမောင်မောင်ထွန်းနှင့် ဒေါ်ခင်စန်းတင့်တို့၏ သားဖြစ်သူ မောင်အောင်ဇော်ဖြိုး ၉/မဟမ(နိုင်)၀၁၄၆၀၃သည် မိဘ၏ ဆိုဆုံးမစကားကို နားမထောင်သည့်အပြင် မိဘအား အမြဲစိတ်ဆင်းရဲအောင် နည်းမျိုးစုံဖြင့် စိတ်ဒုက္ခပေးနေသူဖြစ်သဖြင့် ယနေ့မှစ၍ မောင်အောင်ဇော်ဖြိုးအား ဦးမောင်မောင်ထွန်းနှင့် ဒေါ်ခင်စန်းတင့်တို့၏ အမွေစား အမွေခံသားအဖြစ်မှ အပြီးတိုင် စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၈၁)**
**ရုံးခန်း-(၃၀x၃၁)လမ်းကြား၊ (၇၁x၇၂)လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၆၄၇၆၂၄**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ သစ်ရာမြိုင် ရပ်ကွက်နေ ဦးဝင်းကိုကို ၅/ ကဘလ(နိုင်)၁၁၄၆၂၂၏သား မောင်ဘုန်းသုတ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၂-၂၀၁၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ အကြီးတော်မကျေးရွာတွင် နေထိုင်သော ဦးမောင်ကျော်ဝင်း-ဒေါ်ခင်မာအေးတို့၏ သမီးဖြစ်သူ မဇူလှိုင်ဦး ၁၁/မဥန(နိုင်)၁၆၇၈၂၀ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၄-၁၉၉၃)ခုနှစ် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့နယ်၊ တန်းလွဲရွာမမြို့၊ အမှတ် (၁) ရပ်ကွက်နေ ဦးမောင်ပွား၏သား မောင် နိုင်လင်း ၁၁/တကန(နိုင်)၀၇၁၇၅၀၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၁-၁၉၉၃ ဖြစ်ပါသည်။

**မောင်နိုင်လင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ဇင်းကျိုက်)ကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မနီလာမွန်၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်ဦး ၁၀/ပမန(နိုင်)၂၂၁၂၉၁ ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/ 61232 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်ဟန် ၇/ဒဥန(နိုင်)၁၂၇၁၅၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ကျောင်းတက်လမ်း ရပ်ကွက်နေ ဦးစံသိန်းထွန်း ၁၁/မတန(နိုင်)၀၁၃၀၃၁နှင့် လမ်းမတော်တောင်ရပ်ကွက်နေ ဦးသန်းကျော် ၁၁/စတန(နိုင်)၀၅၃၈၄၉ တို့က စစ်တွေမြို့၊ အနောက်စံပြရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဂျိန်ခါနာအနောက် အကွက်၊ ဦးပိုင်အမှတ်(၁၁-ဆ)၊ မြေဧရိယာ ၀ဒသမ၂၂၅ ဧကအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လွှာ တင်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4J/2131 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ (၁) လမ်း၊ တိုက်အမှတ် (၆၆/ခ)ရှိ (၁) ခန်းတည်း (၆)ထပ်တိုက်အဆောက်အအုံမှ ပထမထပ် (၂)လွှာ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးအေးနောင် ၁၂/ဥကတ(နိုင်)၀၂၈၃၃၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းသီရိဝင်း ၅/ကလထ(နိုင်)၂၃၇၆၃၂က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** **ဒေါ်ခင်စောသိန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊**

**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ် ၈၉၅၊ RC(၈ ½ )ထပ် (Lift ပါ)အဆောက်အအုံ၏အခန်းအမှတ်(2B-582)၊ (စတုတ္ထထပ်)၅-လွှာ)၊ ဧရိယာ ၆၀၀ စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒို တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဆုဝေနိုင် ၁၄/ညတန(နိုင်)၂၂၉၉၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစည်သူလေးသွင် ၁၂/ရပသ(နိုင်)၀၅၂၈၄၄ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစည်သူလေးသွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဖြိုးအောင် (LL.B),WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊Star City၊ သန်လျင်မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး**

**ph-09421157856, 09-798458627**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၉၊ အရိန္ဒမာလမ်း၊ မြေကွက်အမှတ်-၄၉၂၊ အကျယ်အဝန်း ဧရိယာ ၄၀ပေ x ၆၀ပေရှိ ဦးအုပ်စိုး (CG-၀၁၅၉၁၀)အမည်ပေါက် (မြေကွက်အမှတ်-၄၉၃ နှင့် ကပ်လျက်အခြမ်း)မခွဲမစိတ်ရသေးသော ၂၀ပေ x ၆၀ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့် ဒေါ်ထက်ထက်ရွှေ ၁၂/သဃက(နိုင်)၁၇၈၅၇၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** | **စဉ်-၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**

**အမှတ်-၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းရီ အမည်ဖြင့်ချပေးထားသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၃၉၆)၊ (၈၂)ရပ် ကွက်၊ ဂဂုဏာ (၁၂)လမ်း၊ (၄၀x၆၀)ပေအကျယ်၊ အနက်မှတရားဝင် မခွဲမစိတ်ရသေးသည့် (၃၉၅)နှင့်ကပ်လျက်ခြမ်း၊ (၂၀x၆၀)ပေ အကျယ်မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်အေးအေး ၁၂/ဥကတ(နိုင်)၀၉၀၄၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယွန်းရတုနွယ် ၁၃/ညရန(နိုင်) ၁၁၄၁၃၆က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**

**(၆)ရပ်ကွက်၊ (၈)မိုင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

## ပျဉ်းမနားခရိုင်တရားရုံးတော်၌

## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃၀

| | |
|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် **နှင့်** | ၁။ Pyi Kabar Kyaw Co.,Ltd |
| (ယခင်နေပြည်တော် | ၂။ ဦးဝင်းကျော် |
| စည်ပင်ဘဏ်လီမိတက်) | မန်နေဂျင်းဒါရိုက်တာ) |
| (ယင်းကိုယ်စား လ/ထ မန်နေဂျာ- | ၃။ ဦးငွေးလွင်(ဒါရိုက်တာ) |
| ဦးသုမောင်) | |
| **တရားလို** | **တရားပြိုင်များ** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာနေ(၁)တရားပြိုင် Pyi Kabar Kyaw Co.,Ltd၊ (၂) တရားပြိုင် ဦးဝင်းကျော်၊ (၃) တရားပြိုင် ဦးငွေးလွင် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေအရင်းနှင့်အတိုးငွေရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် ၊ ရှေ့နေဖြစ်စေ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၈ရက် (၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် တရားလိုကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးမိုးအောင်)**

**တွဲဖက်ခရိုင်တရားသူကြီး(၁)**

**ပျဉ်းမနားခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (ကျော်ဇံ) G-12 မှ မအေးသန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၁၄/မမက(နိုင်)၁၉၇၃၂၁ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် မောင်ဉာဏ်လင်းအောင် ၈/ပဖန(နိုင်) ၁၉၅၂၃၉ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုသက်(ခ)ဦးအောင်မြတ်ဦး ၈/ပဖန(နိုင်)၀၈၇၈၄၈တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃၃၁၊ အိုးဘိုတောင် အနောက်)၊ ဦးပိုင်အမှတ်(၂၈၆-က)၊ ဧရိယာ(၀ဒသမ၂၂)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၁၉၂ V ၂၀၁၅-၂၀၁၆ အရ(၂၅-၅-၂၀၁၆)မှ (၂၄-၅-၂၀၄၆)ထိ ဦးတင်မြင့် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားသောဝင်းမြေအား ဒေါ်ခိုင်မိုးမိုးနွယ်အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန် မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆၇)၊ မြေကွက်အမှတ် (၁၉၃)၊ အကျယ်အဝန်း (၀.၁၁၇)ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ (၁) ဦးကိုကိုကျော် ၁၀/မလမ(နိုင်) ၀၁၉၈၁၉၊ (၂) ဦးဝင်းကြူ ၆/တသရ(နိုင်)၀၁၂၂၆၇ ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက် အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တိုးတိုးကျော်(စဉ်-၈၃၈၇) (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊**

